**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

တစ်ခဲနက်ဖြစ်သော ကျောက်တောင်သည် အရပ်လေးမျက်နှာမှ လာသောလေကြောင့် မတုန်မလှုပ်သကဲ့သို့ ပညာရှိတို့သည် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။

ဓမ္မပဒ

# မြဝတီ နေ့စဉ်

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

မှန်မည် ထူးမည်၊ မြန်မည် ဦးမည် အသွင်သစ်နှင့် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၃၁)

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်
၂၀၂၅ ခုနှစ်၊ ဩဂုတ် ၂၇ ရက်၊ ဗုဒ္ဓဟူးနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ စစ်သည်များ၊ စစ်မှုထမ်းဆဲ/စစ်မှုထမ်းဟောင်း မိသားစုဝင်သားသမီးများ၊ စစ်သည်အစားခန့်အရပ်သားဝန်ထမ်းများ၏ သားသမီးများ၊ လူရည်ချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများနှင့် နိုင်ငံတော်အဆင့်ပြိုင်ပွဲများတွင် ဆုရကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်





နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုယ်စား နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ စစ်သည်များ၊ စစ်မှုထမ်းဆဲ/စစ်မှုထမ်းဟောင်း မိသားစုဝင်သားသမီးများ၊ စစ်သည်အစားခန့်အရပ်သားဝန်ထမ်းများ၏သားသမီးများနှင့် လူရည်ချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများ၊ နိုင်ငံတော်အဆင့် ဆောင်းပါး၊ စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းနှင့်သင်္ချာစွမ်းရည်ဆုရ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနား၌ ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

**နေပြည်တော် ဩဂုတ် ၂၆**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ စစ်သည်များ၊ စစ်မှုထမ်းဆဲ/စစ်မှုထမ်းဟောင်း မိသားစုဝင်သားသမီးများ၊ စစ်သည်အစားခန့်အရပ်သားဝန်ထမ်းများ၏ သားသမီးများနှင့် လူရည်ချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများ၊ နိုင်ငံတော်အဆင့် ဆောင်းပါး၊ စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းနှင့် သင်္ချာစွမ်းရည်ဆုရ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုယ်စား

စာမျက်နှာ ၁၆ ကော်လံ ၁ ⇨




# အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဩဂုတ် ၂၇ ရက်)

## ထူးချွန်ထက်မြက်သည့် နိုင်ငံ့သားကောင်းများ

လူတိုင်းသည် ကျောင်းသားဘဝကိုဖြတ်သန်းပြီးမှသာ မိမိတို့၏လူမှုစီးပွားဘဝကို ဆက်လက်ရှင်သန်ကြရသည်။ ကျောင်းသားဘဝသည် လူတစ်ဦးတစ်ယောက်အတွက် အလွန်ပင်အရေးပါသည့်အချိန်ကာလဖြစ်သည်။ ပညာကိုတတ်မြောက်အောင်သင်ယူကာ ဘဝခရီးကိုလျှောက်လှမ်းကြရသည်ဖြစ်၍ ပညာသင်ယူရမည့်အချိန်ကာလသည် အထူးပင်ကြိုးစားကြရမည့်ကာလဖြစ်သည်။ နှစ်စဉ်တစ်နှစ်တစ်တန်းအောင်မြင်ပြီး နိုင်ငံတော်အတွက် သားကောင်းသမီးမွန်များဖြစ်အောင် ကြိုးစားကြရမည်ဖြစ်သည်။ ပညာရှေ့အိုးလူမခိုးဆိုသည့်အတိုင်း အတန်းပညာ၊ အသိပညာ၊ အတတ်ပညာများကို ပြည့်ဝအောင်ဖြည့်ဆည်းထားရမည်ဖြစ်သည်။

နိုင်ငံတော်တွင် ဘက်စုံပညာရေးစနစ်ကိုကျင့်သုံးလျက်ရှိသည့်အတွက် ကျောင်းသား၊ ကျောင်းသူတိုင်းက ကျောင်းစာပညာရပ်တွင်သာမက ကိုယ်ကျင့်တရားကောင်းမွန်အောင်လည်း ကျင့်ကြံနေထိုင်ကြရမည်ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အနာဂတ်တွင် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ အဓိကစွမ်းအားစုများအဖြစ်ပါဝင်ကြရမည်ဖြစ်ပေရာ ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် နိုင်ငံတော်အနေဖြင့် လူငယ်ကဏ္ဍကိုမြှင့်တင်ပေးလျက်ရှိသည်။ ထိုသို့မြှင့်တင်ပေးနေခြင်းနှင့်အတူ ထူးချွန်စွာပေါ်ထွက်လာသည့်ကျောင်းသား၊ ကျောင်းသူများကိုလည်း ဂုဏ်ပြုချီးမြှင့်လျက်ရှိသည်။

ကြိုးစားသူတိုင်းအတွက် အောင်မြင်မှုပန်းတိုင်သို့ရောက်ရှိမည်ဖြစ်သကဲ့သို့ အောင်မြင်မှုပန်းတိုင်သို့ရောက်ရှိသူတိုင်းအတွက် ထိုက်တန်သောချီးမြှင့်ခြင်းများသည်လည်း ထက်ကြပ်မကွာရှိနေမည်ဖြစ်သည်။ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူများကို နိုင်ငံတော်နှင့်တပ်မတော်က ထိုက်တန်စွာဂုဏ်ပြုဆုများချီးမြှင့်လျက်ရှိသည်။ ကျောင်းသား၊ ကျောင်းသူမှန်သမျှသည် ကျောင်းနေပျော်၍ စာတော်အောင်ကြိုးစားကြရမည်ဖြစ်သည်။ ပထမအရွယ်တွင် ပထမအရွယ်၏လုပ်ဆောင်ရမည့်တာဝန်ဝတ္တရားများကို အောင်မြင်အောင်လုပ်ဆောင်ကြရမည်ဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူတို့အောင်မြင်မှုသည် မိဘဆရာသမားတို့၏ ပြုစုပျိုးထောင်မှုကြောင့်ထွက်ပေါ်လာသည့်ရလဒ်ဖြစ်သည်။ မိဘဆရာပူးပေါင်း ကလေးပညာကောင်းဆိုသည့်အတိုင်း ကျောင်းသား၊ ကျောင်းသူများကိုယ်တိုင်ကလည်း မိဘတို့၏ပြောဆိုဆုံးမမှုကို တစ်သဝေမတိမ်းလိုက်နာလုပ်ဆောင်ခြင်း၊ ဆရာ၊ ဆရာမတို့၏ သွန်သင်ပြသမှုအတိုင်း ကြိုးစားသင်ယူခြင်းတို့ကြောင့် အောင်မြင်မှုပန်းတိုင်သို့ရောက်ရှိခဲ့ခြင်းဖြစ်သည်။ အဆိုပါအောင်မြင်မှုအားလုံး၏ အုတ်မြစ်မှာလည်း နိုင်ငံတော်အစိုးရဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးကိုအထူးပင်အားပေးလျက်ရှိသည်။ ထူးချွန်မောင်မယ်များအနေဖြင့် မိမိအကျိုး၊ အများအကျိုးနှင့် နိုင်ငံ့အကျိုးသယ်ပိုးနိုင်သည့်သူဖြစ်ရန် ပထမဦးစွာ မိမိကိုယ်ကိုကောင်းမွန်အောင်ကြိုးစားကြရသည်။ မိဘ၊ ဆရာသမားတို့ကိုရိုသေလေးစားပြီး ကိုယ်နှုတ်အမူအရာယဉ်ကျေးသိမ်မွေ့သည့် လူတော်လူကောင်း လူလိမ္မာများဖြစ်အောင်ကျင့်ကြံနေထိုင်ကြရမည်။ မိမိတို့ကိုးကွယ်သည့် ဘာသာတရား၏အဆုံးအမနှင့်တစ်ပါးသူအပေါ် ကိုယ်ချင်းစာတရား၊ သည်းခံခွင့်လွှတ်ခြင်းဆိုသည့် အခြေခံစိတ်ဓာတ်ကောင်းကို မွေးမြူကြရမည်ဖြစ်သည်။ အတ္တနှင့်ပရ အကျိုးနှစ်ဝကိုမျှမျှတတလက်ခံကျင့်သုံးကာ ဘက်ပေါင်းစုံတွင် ထူးချွန်ထက်မြက်ပြီး ဂုဏ်ကျက်သရေတင့်တယ်သည့် နိုင်ငံ့သားကောင်းများပေါကြွယ်ဝမှသာ နိုင်ငံသည်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သည်။

ပညာရေးဆိုသည်မှာ လူတိုင်းအတွက်၊ နိုင်ငံတိုင်းအတွက်မရှိမဖြစ်လိုအပ်သည့်အရာဖြစ်သည်။ ပညာသည် အရာရာကိုဦးဆောင်နေသည့် ယနေ့ကာလတွင် လူငယ်တိုင်းပညာရည်မြင့်မားနေအောင်၊ ပြည့်ဝနေအောင်ဖြည့်ဆည်းထားကြရမည်ဖြစ်သည်။ ပညာတတ်များပေါကြွယ်ဝမှ မိမိတို့နိုင်ငံသည်လည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ လူငယ်များအနေဖြင့် မိမိတို့နေ့စဉ်အသက်ရှင်သန်နေရန်အတွက် လေသည်မရှိမဖြစ်အရာဖြစ်သကဲ့သို့ ပညာရေးဆိုသည်မှာလည်း လူငယ်များဘဝရပ်တည်ရှင်သန်ရေးအတွက် မရှိမဖြစ်လိုအပ်သည့်အရာဖြစ်သည်။ ငယ်ရွယ်စဉ်မှစ၍ အတတ်ပညာသင်ကြားရသည်မှာ ဘဝအတွက် အရင်းအနှီးစုဆောင်းခြင်းဖြစ်သည်။ ပညာသည် ဘဝရပ်တည်ရေး၊ တိုးတက်ကြီးပွားရေးအတွက် အထူးပင်အထောက်အကူပေးသည်ဖြစ်ပေရာ ကျောင်းသား၊ ကျောင်းသူတိုင်းက ပညာရေးကိုဆုံးခန်းတိုင်တတ်မြောက်အောင်သင်ယူကြရမည်ဖြစ်သည်။

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အနေဖြင့် “နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့” ဟူ၍ ဆောင်ပုဒ်သတ်မှတ်ပေးထားပေရာ နိုင်ငံတော်အနေဖြင့် ပညာရေးကိုအထူးပင်အားပေးမြှင့်တင်နေချိန်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ကြသူများပေါ်ထွက်လာခြင်းမှာ နိုင်ငံတော်အတွက် ဂုဏ်ယူဖွယ်ဖြစ်သည်။ အဆိုပါထူးချွန်စွာအောင်မြင်သူများတွင် တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ စစ်သည်များ၊ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်းမိသားစုဝင်သားသမီးများ၊ စစ်သည်အစားခန့်အရပ်သားဝန်ထမ်းများ၏ မိသားစုဝင်သားသမီးများလည်းပါဝင်သည်။ အဆိုပါအောင်မြင်သူများကို တပ်မတော်အနေဖြင့် ထိုက်တန်စွာဂုဏ်ပြုလျက်ရှိသည်။ ထို့ကြောင့် အဆိုပါဂုဏ်ပြုချီးမြှင့်ခံရသူအားလုံးအနေဖြင့် နိုင်ငံတော်ကအားကိုးအားထားပြုရပြီး ထူးချွန်ထက်မြက်သည့် နိုင်ငံ့သားကောင်းများဖြစ်အောင်ကြိုးစားကြရန်ဖြစ်ကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

( ခ ) နိုင်ငံ့ဝန်ထမ်းများ။

( ဂ ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။

( င ) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။

( စ ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

( ခ ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## ပဲခူးမြို့ ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများနှင့်အဖွဲ့ ကွင်းဆင်းဆေးကုသမှုများဆောင်ရွက်မည်

ပဲခူး ဩဂုတ် ၂၆

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ခုတင်-၅၀၀ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဦးဇော်လွင် ဦးဆောင်သော အထူးကုဆရာဝန်ကြီးများက ညောင်လေးပင်မြို့ ပြည်သူ့ဆေးရုံ၌ ကွင်းဆင်းဆေးကုသမှုများ ဆောင်ရွက်ပေးမည်ဖြစ်သည်။

ပဲခူးမြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဦးဇော်လွင် ဦးဆောင်သော အထူးကုဆရာဝန်ကြီးများဖြစ်သည့် ဖျားနာအထူးကု၊ ကလေးအထူးကု၊ ခွဲစိတ်အထူးကု၊ သားဖွားမီးယပ်အထူးကု၊ မျက်စိအထူးကု၊ အရိုးအထူးကု၊ အရေပြားအထူးကု၊ ခေတ်မှန်အထူးကု၊ သွားနှင့်ခံတွင်းအထူးကု ဆရာဝန်ကြီးများနှင့်အဖွဲ့သည် ဩဂုတ်လ ၃၀ ရက်တွင် ညောင်လေးပင်မြို့ ပြည်သူ့ဆေးရုံကြီး၌ ကွင်းဆင်းဆေးကုသမှုများဆောင်ရွက်ပေးမည်ဖြစ်ပြီး မည်သူမဆို လာရောက်ပြသကုသနိုင်ကြောင်း သိရသည်။ ကုသပြသမည့်သူများအနေဖြင့် ညောင်လေးပင်မြို့ ပြည်သူ့ဆေးရုံကြီးအပါအဝင် နီးစပ်ရာတိုက်နယ်ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာနများ၌ ဩဂုတ်လ ၂၇ ရက်မှ ၂၉ ရက်အထိ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

အောင်ဖြိုးလင်း (၄၁၀)

## သဇင်(FM)အသံလွှင့်အစီအစဉ်

၂၇-၈-၂၀၂၅(ဗုဒ္ဓဟူးနေ့)

၁။ ၀၉:၀၀ Market News

၂။ ၁၁:၅၀ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်

၃။ ၁၃:၀၀ ပြည်သူ့ကြားက ပြည်သူ့စကား

၄။ ၁၄:၅၀ ဖတ်သမျှ မှတ်သမျှ

၅။ ၁၅:၃၅ Happy Zone

၆။ ၂၁:၄၀ ချောက်ချောက်ချားချားဖြစ်ရပ်များ

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများတွေ့ဆုံ



နေပြည်တော် ဩဂုတ် ၂၆

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် မှတ်ပုံတင်ခွင့်ပြုပြီးသော နိုင်ငံရေးပါတီများတွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးက နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လျှောက်ထားခဲ့သည့် နိုင်ငံရေးပါတီများအနက် နိုင်ငံရေးပါတီ ၆၁ ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း၊ ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီ ၉ ပါတီနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီ ၅၂ ပါတီဖြစ်ကြောင်း၊ ဥပဒေနှင့်အညီ လျှောက်ထားသော နိုင်ငံရေးပါတီအားလုံး စိစစ်ခွင့်ပြုပြီးဖြစ်ကြောင်း။

နိုင်ငံရေးပါတီများအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းခြင်းကိုဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ သတ်မှတ်ထားသည့် မဲဆန္ဒနယ်အရေအတွက်၊ သတ်မှတ်ထားသည့်အရည်အချင်းများနှင့်ကိုက်ညီရန်လိုအပ်ကြောင်း၊ ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းရာတွင် ပညာအရည်အချင်း သတ်မှတ်ချက်ဖြစ်သည့် အခြေခံပညာအထက်တန်းဆင့် ပြီးမြောက်သူများဖြစ်ရမည့်အချက်ကို သတိမူကြစေလိုကြောင်း၊ နောင်လာမည့် ရွေးကောက်ပွဲများတွင် ကိုယ်စားလှယ်လောင်းများသည် အစိုးရအသိအမှတ်ပြုတက္ကသိုလ်၊ ကောလိပ်တစ်ခုခုမှ ဘွဲ့ရသူများဖြစ်ရမည်ဖြစ်၍ နိုင်ငံရေးပါတီများအနေဖြင့် ယခုကပင်စ၍ စီစဉ်ထားရန်ဖြစ်ကြောင်း၊ ပြည်သူအားကိုးရပြီး နိုင်ငံကိုအကျိုးပြုမည့်ကိုယ်စားလှယ်လောင်းများကို ရွေးချယ်တင်သွင်းကြရန် တိုက်တွန်းလိုကြောင်း။

ယာယီနေရပ်စွန့်ခွာလာရသူများအပါအဝင် ပြည်တွင်း၊ ပြည်ပ ကြိုတင်မဲပေးမည့်သူများသည် ပုံစံ(၁၅) ဖြင့် တောင်းဆိုမဲပေးရမည်ဖြစ်ကြောင်း၊ ရောက်ရှိရာနေရပ်တွင် မဲပေးလိုပါက အနည်းဆုံးရက်ပေါင်း ၁၈၀ ထက်မနည်းနေထိုင်ပြီးပါက ထောက်ခံချက်ဖြင့် မဲပေးခွင့်ရရှိရေး ဆောင်ရွက်ထားကြောင်း။

ရွေးကောက်ပွဲစနစ်နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်အတွက် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) ကို ကျင့်သုံးဆောင်ရွက်သွားမည်ဖြစ်ပြီး အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်အတွက်မူ ရောနှောထားသောကိုယ်စားလှယ်အချိုးကျစနစ် (MMP) ကို ကျင့်သုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အီလက်ထရောနစ်မဲပေးစက်သုံးပြီး မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒမဲတစ်မဲသည် ကိုယ်စားလှယ်လောင်းကိုသာမက ပါတီကိုပါ မဲပေးသည့်ပုံစံဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့်PRမဲဆန္ဒနယ်များအတွက်ကိုယ်စားလှယ်လောင်းများကို ဦးစားပေးအစီအစဉ်ဖြင့် ကော်မရှင်သို့ တင်သွင်းပေးရမည်ဖြစ်ကြောင်း၊ မဲဆွယ်စည်းရုံးရေးဆောင်ရွက်မှုအနေဖြင့် FPTP ကိုယ်စားလှယ်လောင်းများနည်းတူ PR ကိုယ်စားလှယ်လောင်းများသည်လည်း မဲဆွယ်စည်းရုံးဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေကို ပြဋ္ဌာန်းပြီး ရွေးကောက်ပွဲလုပ်ငန်းများဆောင်ရွက်ရာတွင်လည်းကောင်း ရွေးကောက်ပွဲပါဝင်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများနှင့် မဲဆန္ဒရှင်ပြည်သူများအတွက်လည်းကောင်း လုံခြုံရေးအရ အကာအကွယ်ပေးနိုင်ရန် ဆောင်ရွက်ပေးထားကြောင်း၊ ကော်မရှင်အနေဖြင့်ဥပဒေနှင့်အညီလွတ်လပ်ပြီးတရားမျှတသည့်ရွေးကောက်ပွဲဖြစ်အောင် သန္နိဋ္ဌာန်ထားဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံရေးပါတီများအနေနှင့်အတူလက်တွဲပြီး ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာသည့် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများက ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံရေးပါတီဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး တင်ပြချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန တာဝန်ရှိသူများကပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။ ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက လိုအပ်သည်များဖြည့်စွက်မှာကြားကာ နိဂုံးချုပ်အမှာစကားပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီ ၆၁ ပါတီမှ ဥက္ကဋ္ဌများ၊ ခေါင်းဆောင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မြဝတီ**

# မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊အမှုထမ်းများအား ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တွေ့ဆုံအမှာစကားပြောကြား



နေပြည်တော် ဩဂုတ် ၂၆

ပြည်ပရှိ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများကို ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန စတုရင်္ဂဗလခန်းမ၌ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက တွေ့ဆုံအမှာစကားပြောကြားသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့် ဦးနိုင်မင်းကျော်၊ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများနှင့် ပြည်ပသို့သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ သံရုံး၊ အဖွဲ့ရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများတွင် သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်းများနှင့် အမှုထမ်းများက သွားရောက်တာဝန်ထမ်းဆောင်ခဲ့သည့်နိုင်ငံများ၊ ယခုသွားရောက်တာဝန်ထမ်းဆောင်ရမည့်နိုင်ငံများကို မိတ်ဆက်တင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက ပြည်ပသို့သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများအား ရွေးချယ်စေလွှတ်ခြင်းခံရမှုအပေါ် ဝမ်းသာဂုဏ်ယူကြောင်း၊ သံတမန်ဝန်ထမ်းတစ်ဦးအနေဖြင့် မိမိနိုင်ငံတော်အပေါ် သစ္စာရှိရန် အထူးမှာကြားလိုကြောင်း၊ ဒီ့တာဝန်အရေးသုံးပါးအား အစဉ်အလေးထား၍ တာဝန်ထမ်းဆောင်ကြရန်လိုအပ်ကြောင်း၊ ထမ်းဆောင်ရမည့် တာဝန်များကို မိမိတို့၏ အသက်နှင့်ထပ်တူ အလေးထားဆောင်ရွက်ကြစေလိုကြောင်း၊ သံတမန်တစ်ဦး၏ အရည်အသွေး၊ အရည်အချင်းများနှင့်ပြည့်စုံပြီး ဆင်ခြင်တုံတရားရှိရှိ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ Good Listener ကောင်းတစ်ယောက်ဖြစ်မှသာလျှင် လေ့လာသင်ယူနိုင်ပြီး အကျိုးရှိစွာပြန်လည်အသုံးချဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

သံတမန်ဆိုသည်မှာ နိုင်ငံကိုကိုယ်စားပြု၍ မိမိနိုင်ငံ၏အကျိုးစီးပွားနှင့် ဂုဏ်သိက္ခာကို ဖော်ဆောင်ကြရခြင်းဖြစ်ကြောင်း၊ လူအင်အားအနည်းဆုံးဖြင့် ကြီးမားသည့်တာဝန်ကို ထမ်းဆောင်ရခြင်းဖြစ်၍ တစ်ဦးနှင့်တစ်ဦး ချစ်ခင်စည်းလုံးစွာ ဆောင်ရွက်ကြစေလိုကြောင်း၊ အထူးသဖြင့်ကျန်းမာရေးကို အထူးဂရုစိုက်ရန် မှာကြားလိုကြောင်း၊ နိုင်ငံ့သိက္ခာကျစေမည့် ကိစ္စရပ်များကို မလုပ်ရန်လိုအပ်ကြောင်း ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**မြဝတီ**

# မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား သံအဖွဲ့ သို့မဟုတ် ကောင်စစ်ဝန်ရုံးတို့မှ အဖွဲ့ဝင်များ၏ မှီခိုသူမိသားစုဝင်များကို အကျိုးအမြတ်ရှိသော အလုပ်အကိုင်များတွင် လုပ်ကိုင်ခွင့်ပြုခြင်းသဘောတူညီချက် လက်မှတ်ရေးထိုး

နေပြည်တော် ဩဂုတ် ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့အကြား သံအဖွဲ့ သို့မဟုတ် ကောင်စစ်ဝန်ရုံးတို့မှ အဖွဲ့ဝင်များ၏ မှီခိုသူမိသားစုဝင်များကို အကျိုးအမြတ်ရှိသော အလုပ်အကိုင်များတွင် လုပ်ကိုင်ခွင့်ပြုခြင်း (Authorizing the Dependents of Members of a Diplomatic Mission or Consular Post to Engage in Gainful Employment) သဘောတူညီချက် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ကျင်းပသည်။

အဆိုပါသဘောတူညီချက်အား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော် ရှေ့မှောက်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဟောက်ခန့်ဆုမ်းနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thukar တို့က နှစ်နိုင်ငံကိုယ်စား လက်မှတ်ရေးထိုးခဲ့ကြသည်။





အဆိုပါအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ၊ အိန္ဒိယသံရုံးမှ တာဝန်ရှိသူများလည်း တက်ရောက်ခဲ့ကြသည်။

အဆိုပါသဘောတူညီချက်သည် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ခိုင်မာသည့်ဆက်ဆံရေးနှင့် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုကို ဖော်ပြနေကြောင်း သတင်းရရှိသည်။ **မြဝတီ**

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း



**ယမန်နေ့မှအဆက်**

## ဦးညွန့်နှင့်ဆွေးနွေးခြင်း

ကျွန်ုပ်သည် ရန်ကုန်သို့ပြန်ရောက်သောအခါတွင် ဓမ္မမိတ်ဆွေကြီးတစ်ဦးဖြစ်သော ဦးညွန့်ထံသို့သွား၍ နှုတ်ဆက်လေရာ ဦးညွန့်နှင့် ကျွန်ုပ်တို့ဆွေးနွေးပြောဆိုကြသောစကားများမှာ တိုင်းပြည်စီးပွားရေးစနစ်နှင့် သက်ဆိုင်သည်ဖြစ်သောကြောင့် စာဖတ်သူတို့၏ ဗဟုသုတအလို့ငှာ တင်ပြလိုက်ရပါဦးမည်။ နှုတ်ဆက်ကြပြီးနောက်–

ညွန့်။ "တရုတ်ပြည်မသွားခင်ကတည်းက ခင်ဗျားရဲ့အရေးအသားကြောင့် မန္တလေးသားတွေ ကွန်မြူနစ်ဖြစ်ကုန်ကြလေရော့မလားလို့ စိုးရိမ်နေမိတာ၊ တရုတ်ပြည်က ပြန်လာမှတော့ ခင်ဗျားရေးပုံနဲ့ဆိုရင် တစ်ပြည်လုံး ကွန်မြူနစ်ဖြစ်ကုန်ကြတော့မှာ ထင်ပ့ါဗျာ"

နုပ်။ "ကျွန်တော်က ကြမ်းပိုးကို လိပ်ဖြစ်အောင် ရေးတတ်တယ်လို့ ဆိုလိုက်ခြင်းလားခင်ဗျာ"

ညွန့်။ (ရယ်မောလျက်) "ဒီလိုတော့ မဆိုလိုပါဘူး၊ ဦးဖေသိန်းက အကြောင်းပြရာမှာ ယုတ္တိယုတ္တာအရှာကောင်းလွန်းလို့ ကျွန်တော်တို့က လန့်တယ်ခင်ဗျ"

နုပ်။ "ကိုယ့်စည်းစိမ်ပြုတ်လေမလားလို့ လန့်တာလားခင်ဗျ။ သို့သော်လည်း ကျွန်တော်တင်ပြသမျှဟာကတော့ ကျွန်တော်မြင်တဲ့အတိုင်း ရိုးရိုးသားသားတင်ပြခြင်းဖြစ်ပါတယ်။ ပရိယာယ်နဲ့ လှည့်စားခြင်းမပါပါဘူးခင်ဗျား"

ညွန့်။ ဒါလည်းပဲ ကျွန်တော်တို့က လန့်တာပဲဗျ။ ဒါတွေထားပါတော့ဗျာ၊ တရုတ်ပြည်မှာ ဘာတွေများမြင်ခဲ့၊ တွေ့ခဲ့သလဲဗျာ"

နုပ်။ "ကျွန်တော်တွေ့ခဲ့တာကတော့ တရုတ်ပြည်မှာ အလုပ်သမား၊ လယ်သမားတွေဟာ ရှေ့အဖို့မျှော်လင့်ချက်တွေနဲ့ ပျော်နေကြတာကို မြင်ခဲ့ရပါတယ်ခင်ဗျား"

ညွန့်။ "အခု လက်ငင်းအတွက်တော့ ဒါလောက်မဟုတ်ဘူးလား"

နုပ်။ "လက်ငင်းအတွက်လည်း ပျော်တန်သလောက်ပျော်နေကြပုံရပါတယ်။ သို့သော် ဆိုရှယ်လစ်စနစ်အတိုင်း သူတို့ လိုက်နာခွင့်ရကြတာက သုံးနှစ်သာရှိသေးလေတော့ လက်ငင်းခံစားရတဲ့အကျိုးတရားကို ထောက်ချင့်ပြီး ရှေ့အဖို့ အကြီးအကျယ် အကျိုးများလာလိမ့်မယ်လို့ မျှော်လင့်နေကြဟန်တူပါတယ်"

ညွန့်။ "မြေပိုင်ရှင်ကြီးတွေရဲ့ လက်ဝယ်မှာရှိတဲ့ လယ်မြေတွေကို တောင်သူလယ်သမားတွေ လက်ရောက်အောင်ဝေပေးလေတော့ ပျော်ကြတာပေ့ါလေ"

နုပ် ။ "ဒါကလည်း တစ်ကြောင်းပါပဲခင်ဗျား"

ညွန့်။ "ကျွန်တော်တို့ဆီမှာလည်း လယ်မြေတွေကို ဝေငှပေးလိုက်တာ မြေပိုင်ရှင်ကြီးတွေမှာသာ ဆုံးရှုံးရပြီး လယ်သမားတွေမှာ ဒါလောက်အကျိုးမများဘူး၊ ငွေကြေးချေးလို့ငှားလို့ မရတာလောက်ပဲ အဖတ်တင်တယ်ဆိုပါကလားခင်ဗျား"

နုပ်။ "ကျွန်တော်လည်း ကြားဖူးပါတယ်။ ကျွန်တော်တို့ဆီက မြေမဲ့လယ်သမားတွေဟာ လယ်မြေလေး အချိုးကျရကြလေတော့ သောက်လား၊ စားလား၊ လောင်းကစားလားနဲ့ ဖြစ်ကုန်ကြတယ်။ အစိုးရက အမတော်ကြေးထုတ်ချေးတယ်ဆိုရင်လည်း ခေါင်းပုံဖြတ်တဲ့လူက ဖြတ်၊ ကျန်တဲ့ငွေလေးကို အရက်သောက်၊ ဖဲရိုက်၊ ကြက်တိုက် လုပ်ပစ်ကြလေတော့ တစ်ဝက်တစ်ပျက်လောက်ပဲ အိမ်ပြန်ပါကြတယ်လို့ ကြားရဖူးပါတယ်"

ညွန့်။ "ဒီလိုဆိုရင် လယ်မြေတွေ ဝေပေးတဲ့စနစ်ဟာ ဘယ်မှာကောင်းလို့လဲခင်ဗျာ"

နုပ်။ "စနစ်ကတော့ မဆိုးပါဘူး။ လုပ်ပုံလုပ်နည်းက နေရာမကျလို့ပါ။ ဝေပေးတိုင်းကောင်းတာမဟုတ်ဘူးခင်ဗျ၊ လုပ်တတ်ဖို့က လိုသေးတယ်။ ဒီအကြောင်းနဲ့ပတ်သက်လို့ ကျွန်တော်ကြားဖူးတဲ့ ရှေးဟောင်းရာဇဝင်တစ်ခုကို ပြောပြချင်ပါတယ်။"

ညွန့်။ "ကြားပါရစေခင်ဗျာ၊ ပြောပါဦး"

နုပ်။ "ရှေးတုန်းက အိန္ဒိယပြည်မှာ မင်းတစ်ပါးဟာ ဆင်းရဲသားတွေအပေါ်မှာ သနားကရုဏာစိတ်ရှိလေတော့ သူ့တိုင်းပြည်မှာရှိတဲ့ သူဌေးသူကြွယ်များထံမှ လယ်မြေရော၊ စိန်ရွှေရော တိုက်တာနေအိမ်များပါသိမ်းယူပြီး ဆင်းရဲသားတွေကို ဝေပေးလိုက်တယ်တဲ့ခင်ဗျ။ ဒီအခါမှာ ဆင်းရဲသားတွေဟာ အင်မတန်ပျော်ကြပြီး အလုပ်အကိုင်မလုပ်ချင်ကြတော့ဘဲ သောက်လား၊ စားလား၊ ပွဲကြည့်လား၊ လောင်းကစားလားနဲ့ ဖြုန်းတီးလိုက်ကြတာများ မကြာမီအတွင်း သူတို့လက်ထဲမှာလည်း ဥစ္စာပစ္စည်းတွေပြောင်၊ တိုင်းပြည်မှာလည်း လယ်ယာကိုင်းကျွန်းက အသီးအနှံအထွက်မရှိလေတော့ အစားအသောက်ရှားပါး၊ ရွှေ၊ ငွေ၊ ရတနာဆိုတာတွေကလည်း အရင်က သူဌေးသူကြွယ်ဆိုတဲ့လူတွေလက်ထဲပြန်ရောက်ကုန်တယ်တဲ့၊ ဒီတော့ ရှင်ဘုရင်က တစ်ဖန်သိမ်းယူပြန်ပြီး ဝေငှလိုက်ရာမှာ ဆင်းရဲသားတွေရဲ့ လျှပ်ပေါ်လော်လည်မှုကြောင့် ရှေးနည်းအတိုင်းပဲ သူတို့လက်ထဲမှာ မတည်ဘဲ သူဌေးသူကြွယ်ဆိုသူတွေလက်ဝယ်ပြန်ရောက်ကုန်တယ်တဲ့။ ဒီတော့မှ ဘုရင့်မယ်တော်က ဒီလိုဆိုခက်ရချေရဲ့ဆိုပြီး သူ့သားရှင်ဘုရင်ကို လုပ်ကြံပြီး သတ်ပစ်လိုက်ရတယ်တဲ့ခင်ဗျ"

ညွန့်။ "ဟုတ်လိုက်လေခင်ဗျာ၊ ဒါဖြင့် တစ်ယောက်လက်ကလုပြီး တစ်ယောက်ကို ဝေပေးခြင်းဟာ မကောင်းဘူးပေ့ါ"

နုပ်။ "ဝေပုံနေရာမကျရင် မကောင်းပါဘူးခင်ဗျာ"

ညွန့်။ "ဘယ်ပုံ နေရာမကျတာလဲခင်ဗျာ"

နုပ်။ "ရိုးရိုးနည်းနဲ့ ပေးဝေလိုက်ရင် သူဌေးသူကြွယ်တွေ ဇိမ်ခံကြတာကိုမြင်ပြီး သွားရည်ကျနေကြတဲ့ ဆင်းရဲသားတွေဟာ လက်ထဲငွေရောက်တာနဲ့တစ်ပြိုင်နက် ချွေးထွက်တဲ့အလုပ်မျိုးကို မလုပ်ချင်ကြတော့ဘဲ အပျော်အပါးနောက်လိုက်ပြီး ဇိမ်ခံချင်ကြတော့တာကိုးခင်ဗျ။ တရုတ်ပြည်တို့၊ ရုရှားပြည်တို့ဆိုတာတွေမှာတော့ လယ်မြေတွေကို ဝေပေးပေမယ့် တောင်သူလယ်သမားတွေ၊ အလုပ်သမားတွေကို ရှေးယခင်ကထက်ပိုပြီး အလုပ်လုပ်ချင်လာအောင်၊ ကိုယ့်တိုင်းပြည်ကို တခြားတိုင်းပြည်များထက် ကြီးပွားစေလိုတဲ့ စိတ်ဆန္ဒပြင်းထန်လာအောင်၊ အချိန်ကို အလဟဿမဖြုန်းတီးကြအောင်၊ ပညာဗဟုသုတရှာမှီးချင်တဲ့စိတ်တွေ ဖြစ်ပေါ်လာအောင်၊ တိုင်းပြည်နဲ့ အမျိုးသားကိုချစ်တဲ့ စိတ်ဓာတ်မျိုး၊ တိုင်းပြည်နဲ့ အမျိုးသားအတွက် အနစ်နာခံမယ်ဆိုတဲ့ စိတ်ဓာတ်မျိုးတွေ တဖွားဖွားပေါ်လာအောင် အချိန်အကြာကြီး သင်ပြဆုံးမဩဝါဒပေးပြီးတဲ့နောက်မှာမှ ခွဲဝေပေးခြင်းဖြစ်ပါတယ်ခင်ဗျာ"

ညွန့်။ "ဒီလိုဆိုရင်တော့ ကျွန်တော့်လယ်မြေလေးတွေသိမ်းယူထားတာ ဆုံးချင်ဆုံးပါစေတော့ဗျာ၊ ဒီအကြောင်းတွေကို ကျွန်တော်တို့အစိုးရနားလည်သွားအောင်ရေးစမ်းဗျာ"

နုပ်။ "ကျွန်တော်တို့လူတွေက တစ်ဆိတ်ပညာနုတယ်ခင်ဗျ၊ သူတို့ကိုယ်သူတို့ အတတ်ဆုံးလောက်ထင်နေကြပုံရတယ်"

ညွန့်။ "ဒီလိုဆိုလည်း ခုနက မယ်တော်မျိုးမျှော်ရမယ့်ပုံ ပေါ်နေပြီထင်တယ်"

နုပ်။ "ဒါကတော့ 'ဓမ္မောဟဝေ ရက္ခတိ ဓမ္မစာရီ' ဆိုတဲ့ ဘုရားဟောအတိုင်း ကိုယ့်စေတနာအလျောက် အကျိုးပေးရမှာပေ့ါခင်ဗျာ"

## လူတွေစွဲသောအချက်

မန္တလေးသို့ပြန်ရောက်၍ လူထုသတင်းစာတွင် ခေါင်းကြီးများရေးရသောအလုပ်ကို ပြန်ကောက်ရစဉ် ကျွန်ုပ်သည် တရုတ်ပြည်သွား မှတ်တမ်းကိုလည်း ရေး၍ သတင်းစာတွင်ထည့်သေး၏။ ပြီးဆုံးသောအခါတွင် စာအုပ်အဖြစ်နှင့် ပေါ်ထွက်လာ၏။ တရုတ်ပြည်အကြောင်းရေးရာတွင် သိန်းဖေမြင့်၏ စာအုပ်ကဲ့သို့ စုံစုံလင်လင် သားသားနားနားရေးဖို့ ကြံရွယ်ချက်ရှိခဲ့သော်လည်း ဤအကြောင်း၊ ထိုအကြောင်းများကို အသေးစိတ်မေးမြန်းစုံစမ်းရန် စကားပြန်တစ်ယောက်တောင်း၍ မရနိုင်သည်နှင့် ကျွန်ုပ်၏စိတ်၌ ထိခိုက်သည်များအနက် စွဲကပ်ကြွင်းကျန်ရစ်သမျှသော အခြင်းအရာများကိုသာ ရေးသားတင်ပြနိုင်ပါတော့သည်။ ယင်းသို့ရေးသားရာတွင် ကျွန်ုပ်၌ အထူးတလည်ထိခိုက်ခဲ့ဖူးသော အခြင်းအရာများသည် စာဖတ်ပရိသတ်၏စိတ်၌လည်း အထူးတလည်ထိခိုက်ခြင်းရှိသည်ကို တအံ့တသြ တွေ့ရှိရပါသည်။ **ဆက်လက်ဖော်ပြပါမည်။**

## ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များသို့ ဝင်ခွင့်လျှောက်ထားနိုင်ကြောင်း ကြေညာချက်

၁။ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်တစ်ခုခုသို့ ပထမဦးစားပေးလျှောက်ထားလိုသူများအနေဖြင့် တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့(အဆင့်မြင့်ပညာဦးစီးဌာန)မှ ထုတ်ပေးသည့် တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ဖြင့် လျှောက်ထားရမည်ဖြစ်သည်။

၂။ **ဆေးဝါးတက္ကသိုလ်များ၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်များ၊ သူနာပြုတက္ကသိုလ်များနှင့် အခြေခံကျန်းမာရေးတက္ကသိုလ်သို့ ပထမဦးစားပေးလျှောက်ထားသူများသည်** တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ကို ပညာရေးဝန်ကြီးဌာနအောက်ရှိ လျှောက်လွှာတင်သွင်းရန် သတ်မှတ်ထားသောတက္ကသိုလ်များသို့ ပေးပို့လျှောက်ထားရမည်ဖြစ်သည်။

၃။ **ဆေးတက္ကသိုလ်များနှင့်သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များသို့** ပထမဦးစားပေးလျှောက်ထားသူများအတွက်မူ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ကို အောက်ဖော်ပြပါ လျှောက်လွှာလက်ခံမည့်နေရာ(၈)ခုအနက် တစ်ခုခုသို့ တိုက်ရိုက်ပေးပို့လျှောက်ထားရမည်ဖြစ်သည်–

(က) ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန (နေပြည်တော်)
(ခ) ဆေးတက္ကသိုလ်(၁)ရန်ကုန်
(ဂ) ဆေးတက္ကသိုလ်(၂) ရန်ကုန်
(ဃ) ဆေးတက္ကသိုလ်၊ မန္တလေး
(င) ဆေးတက္ကသိုလ်၊ မကွေး
(စ) ဆေးတက္ကသိုလ်၊ တောင်ကြီး
(ဆ) သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)
(ဇ) သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)

၄။ ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များ၏ဝင်ခွင့်ရွေးချယ်ရေးကိုတက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်တွင်ဖော်ပြထားသည့်အတိုင်း ရွေးချယ်မည်ဖြစ်သဖြင့် **တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်ကိုသေချာစွာဖတ်ရှုပြီးမှသာ ဝင်ခွင့်လျှောက်ထားရန် ဖြစ်ပါကြောင်း**နှင့် တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်မှ ၁၉ ရက်နေ့အထိ စနေနေ့၊ တနင်္ဂနွေနေ့နှင့်ရုံးပိတ်ရက်များအပါအဝင် (ပိတ်ရက်မရှိ)လက်ခံမည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**
**(၂၆-၈-၂၀၂၅)**

# မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးအား ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း လက်ခံတွေ့ဆုံ



နေပြည်တော် ဩဂုတ် ၂၆

အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်နှင့် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur နှင့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ - အိန္ဒိယ နှစ်နိုင်ငံအကြား နယ်နိမိတ်ရေးရာ ကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ငလျင်ကာလအလွန် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် အကူအညီပေးမှုဆိုင်ရာကိစ္စရပ်များနှင့် ရေးဟောင်းယဉ်ကျေးမှုအမွေအနှစ် အထိမ်းအမှတ် ထိန်းသိမ်းမှုဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီးရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြဝတီ

# အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur အား ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ လက်ခံတွေ့ဆုံ



နေပြည်တော် ဩဂုတ် ၂၆

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည်မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယနိုင်ငံတို့အကြား နှစ်ဖက်အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ နယ်စပ်ကုန်သွယ်မှု၊ နယ်စပ်လုံခြုံရေး၊ နယ်နိမိတ်ရေးရာကိစ္စရပ်များနှင့် ငလျင်ဘေး ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အိန္ဒိယနိုင်ငံမှ ဆက်လက်ပံ့ပိုးကူညီသွားမည့် အခြေအနေတို့အပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သိရသည်။

မြဝတီ

# ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)မှ ဌာနေကိုယ်စားလှယ် မစ္စတာသူရှာရာဖာနန်ဒီအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၆

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)မှမြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် မစ္စတာသူရှာရာဖာနန်ဒီအား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဝန်ကြီးဌာနနှင့် WHO အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော ကူးစက်ရောဂါများ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများ၊ ပိုလီယိုရောဂါကာကွယ်ဆေးထိုးလုပ်ငန်း၊ အမျိုးသမီးငယ်များတွင် သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းများနှင့် ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများဆောင်ရွက်နေသည့်ကိစ္စရပ်များ၊ ၂၀၂၅ ခုနှစ်နှင့် ၂၀၂၆ ခုနှစ်အတွင်း ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ၊ မန္တလေးငလျင်ကြီးလှုပ်ခတ်ပြီးနောက် WHO မှ ကူညီပံ့ပိုးပေးလျက်ရှိသည့် ကိစ္စရပ်များနှင့် WHO အဖွဲ့မှ ကာကွယ်ဆေးထိုးလုပ်ငန်းများတွင် နည်းပညာပံ့ပိုးပေးနိုင်မည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ WHO ရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်းသိရသည်။

မြဝတီ



# အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC)၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် ဦးဆောင်သောအဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် လက်ခံတွေ့ဆုံ



နေပြည်တော် ဩဂုတ် ၂၆

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Arnaud de Baecque ဦးဆောင်သောအဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC) အဖွဲ့ဝင်များ၏ ပြည်ဝင်ဗီဇာနှင့် နေခွင့်ဆိုင်ရာကိစ္စရပ်များကို ဥပဒေနှင့်အညီ စိစစ်ခွင့်ပြုဆောင်ရွက်ပေးနေမှု၊ ICRC မှ မြန်မာနိုင်ငံအတွင်းငလျင်နှင့် သဘာဝဘေးအန္တရာယ်ဖြစ်ပွားခဲ့သည့် နေရာဒေသများသို့ သွားရောက်၍ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပံ့ပိုးကူညီမှုများဆောင်ရွက်ပေးမှု၊ ကျန်းမာရေးဆိုင်ရာနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ သက်ဆိုင်ရာဒေသ အာဏာပိုင်အဖွဲ့အစည်းများနှင့် လက်တွဲပူးပေါင်းဆောင်ရွက်နေမှုနှင့် ဆက်လက်ကူညီဆောင်ရွက်သွားမည့်အစီအစဉ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးလှိုင်နှင့်တာဝန်ရှိသူများ တက်ရောက်ကြကြောင်းသိရသည်။

မြဝတီ

# မှတ်သားဖွယ်ရာမိုးရေချိန်များ

၂၆-၈-၂၀၂၅

| | | | |
|---|---|---|---|
| ကျိုက္ခမီ | ၄ | ဒသမ ၉၆ | လက်မ |
| တံတားဦး | ၂ | ဒသမ ၅၅ | လက်မ |
| (လေကြောင်းမိုးလေဝသ) | | | |
| မြိတ် | ၂ | ဒသမ ၂၉ | လက်မ |
| ချောင်းဆုံ | ၂ | ဒသမ ၂၅ | လက်မ |
| ပေါင် | ၁ | ဒသမ ၈၉ | လက်မ |
| ဘားအံ | ၁ | ဒသမ ၈၁ | လက်မ |
| (စိုက်ပျိုးရေးမိုးလေဝသ) | | | |
| မအူပင် | ၁ | ဒသမ ၆၅ | လက်မ |
| ဘားအံ | ၁ | ဒသမ ၆၅ | လက်မ |
| ရေဦး | ၁ | ဒသမ ၅၇ | လက်မ |
| ညောင်လေးပင် | ၁ | ဒသမ ၅၄ | လက်မ |
| ကိုကိုးကျွန်း | ၁ | ဒသမ ၃၄ | လက်မ |
| ကော့သောင်း | ၁ | ဒသမ ၃၄ | လက်မ |

# ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင် လက်ခံတွေ့ဆုံ



နေပြည်တော် ဩဂုတ် ၂၆

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်သည် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (United Nations Population Fund– UNFPA)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Jaime Nadal Roig ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန၌လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် UNFPA မှ ဆောင်ရွက်လျက်ရှိသောလုပ်ငန်းစဉ် (Work Plan) ဆက်လက်သက်တမ်းတိုးမြှင့်ဆောင်ရွက်မည့်အစီအစဉ်၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် UNFPA တို့အကြား သဘောတူညီနိုင်းထားသည့် အကောင်အထည်ဖော်ဆောင်ရွက်မှု လုပ်ငန်းစဉ်များနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များ၊ နိုင်ငံတကာအကူအညီအထောက်အပံ့များ အကျိုးရှိထိရောက်စေရေး စီမံဆောင်ရွက်မှုများကို အလေးထားဆောင်ရွက်ရန် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ UNFPA ရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

**မြဝတီ**

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ၂၀၂၅ ခုနှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် ထူးချွန်ဝန်ထမ်းများဆုချီးမြှင့်ပွဲကျင်းပ




နေပြည်တော် ဩဂုတ် ၂၆

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် နိုင်ငံ့ဝန်ထမ်းသားသမီး ကျောင်းသား၊ ကျောင်းသူများနှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်သင်တန်းများ၌ ထူးချွန်ဆုရရှိခဲ့ကြသည့်ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၁၅) စုဝေးဆောင်ခန်းမ၌ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာနများနှင့် တက္ကသိုလ်များမှ အရာထမ်း၊ အမှုထမ်းများ၊ ဂုဏ်ထူးရ ထူးချွန်ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင်ပြည်ထောင်စုဝန်ကြီးက မန္တလေးငလျင်ကြီးကြောင့် တက္ကသိုလ်ဝင်စာမေးပွဲကို ဒုတိယအကြိမ် ပြန်လည်ဖြေဆိုခဲ့ကြရသည့် မိမိတို့ဝန်ကြီးဌာန၏ ဝန်ထမ်းမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများ၏အောင်မြင်မှုသည် ၆၄ ရာခိုင်နှုန်းရှိသည်ကိုတွေ့ရကြောင်း၊ **"အခက်အခဲများကရှန်းထလို့ မိမိအရည်အသွေးထုတ်ပြဖို့ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြပါစို့"** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ကျားကုတ်ကျားခဲကြိုးစားပြီး ပြန်လည်ဖြေဆိုခဲ့ကြခြင်းကြောင့်ယခုကဲ့သို့အောင်မြင်မှုများရရှိခဲ့ခြင်းဖြစ်ကြောင်း၊ လာမည့်နှစ်များတွင် အောင်မြင်မှုရာခိုင်နှုန်းတိုးတက်မြင့်မားအောင် ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများက ဝါယမစိုက်ထုတ်ကြိုးစားသွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများက ၆ ဘာသာဂုဏ်ထူးရှင် သုံးဦး၊ ၅ ဘာသာဂုဏ်ထူးရှင် ၁၄ ဦး၊ ၄ ဘာသာဂုဏ်ထူးရှင် ၄၀၊ ၃ ဘာသာဂုဏ်ထူးရှင် ၈၂ ဦး စုစုပေါင်း ၁၃၉ ဦးကို ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုငွေသားများကိုလည်းကောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်သင်တန်းများ၌ ဆုရရှိခဲ့ကြသည့်ဝန်ထမ်းရှစ်ဦးကို ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့်ဂုဏ်ပြုငွေသားများကိုလည်းကောင်း ချီးမြှင့်ပေးအပ်ကြရာ ထူးချွန်ကျောင်းသား၊ ကျောင်းသူများနှင့် ထူးချွန်ဝန်ထမ်းများက လက်ခံရယူကြပြီး ကျောင်းသားကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**မြဝတီ**

# မိုးစပါးစိုက်တောင်သူများသို့ သီးနှံပေါ်ပေးစနစ်ဖြင့် ဓာတ်မြေဩဇာသွင်းအားစုပေးအပ်ပွဲကျင်းပ



နေပြည်တော် ဩဂုတ် ၂၆

ပဲခူးမြို့နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့်အကျုံးမဝင်သော မိုးစပါးစိုက်တောင်သူများသို့ သီးနှံပေါ်ပေးစနစ်ဖြင့် ဓာတ်မြေဩဇာသွင်းအားစု ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့နယ် အိုးဘိုကျေးရွာ ယာယီရှင်းလင်းဆောင်၌ကျင်းပရာ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က စိုက်ပျိုးရေးလုပ်ငန်းများ ပန်းတိုင်အထွက်နှုန်းပြည့်မီရေးဆောင်ရွက်နေမှု၊ ကြဲပက်စနစ်အစား Drum Seeder များတိုးချဲ့ထုတ်လုပ်သုံးစွဲနိုင်ရေး ဆောင်ရွက်နေမှုများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သွင်းအားစုများသုံးစွဲနိုင်မှ သီးနှံများ သတ်မှတ်ပန်းတိုင်အထွက်နှုန်းရရှိမည်ဖြစ်ပြီး တောင်သူများ၏ဝင်ငွေနှင့် လူနေမှုအဆင့်အတန်းမြင့်မားလာမည်ဖြစ်ကြောင်း၊ တောင်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရေးအတွက်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများပိုမိုလုပ်ကိုင်နိုင်ရေး၊ ကျေးရွာများတွင် အမှန်တကယ်လုပ်ငန်းလုပ်ကိုင်လိုသူများ၊ လုပ်ငန်းအမျိုးအစားတူညီသူများ၊ စိတ်တူကိုယ်တူဆန္ဒတူသူများကို စုပေါင်း၍ သမဝါယမအသင်းများ ဖွဲ့စည်းပေးပြီး အသင်းသားတောင်သူများ၏အဓိကလိုအပ်သော မျိုးကောင်းမျိုးသန့်များရရှိရေး၊ သွင်းအားစုများပံ့ပိုးပေးနိုင်ရေး၊ ထွက်ရှိလာသော စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်ကုန်များကို ဈေးကွက်ခိုင်မာမှုရှိရေးလုပ်ဆောင်ပေးလျက်ရှိကြောင်းနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြောကြားပြီး တောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပဲခူးမြို့နယ်အတွင်းရှိ အိုးဘိုကျေးရွာအပါအဝင် ကျေးရွာ ၁၁ ရွာမှ မိုးစပါးစိုက်တောင်သူများအား ယူရီးယား၊ ကွန်ပေါင်းသွင်းအားစုဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြဝတီ**

# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"**အစီအစဉ်မှ **"ဘူးသီးတောင်မြို့နယ်အတွင်း ၄က်သေကျေးရွာအုပ်စု ထန်းရှောက်ခံကျေးရွာမှ ဒေသခံဘင်္ဂါလီရွာသား ၆၀၀ ကျော်ကို AA အကြမ်းဖက်သောင်းကျန်းသူများက လူမျိုးတုံးသတ်ဖြတ်ခဲ့မှု"** ခေါင်းစဉ်ဖြင့် ၂၇-၈-၂၀၂၅ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"နိုင်ငံရဲ့အထင်ကရနဲ့ သမိုင်းဝင်နေရာ ကမ္ဘာကျော် ဂုတ်ထိပ်မီးရထားလမ်းတံတားအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့တဲ့ TNLA အကြမ်းဖက်သောင်းကျန်းသူများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့်ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## လူမှုရေးပင်စင်အစီအစဉ်တွင် အကျိုးခံစားခွင့်ရှိသူ သက်ကြီးပုဂ္ဂိုလ်များအနေဖြင့် ထောက်ပံ့ငွေ ထုတ်ယူရန် အသိပေးနှိုးဆော်ခြင်း

နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ် (၁၅)ခုရှိ လူမှုရေးပင်စင်အစီအစဉ်တွင် အကျိုးခံစားခွင့်ရှိသူများအား သက်ဆိုင်ရာ **မြန်မာ့စီးပွားရေးဘဏ်ခွဲ**များတွင် **(၁-၉-၂၀၂၅ ရက်မှ ၂၈-၁၁-၂၀၂၅ ရက်အထိ)** ထောက်ပံ့ငွေများကို ထုတ်ပေးသွားမည်ဖြစ်ပါသဖြင့် အကျိုးခံစားခွင့်ရှိသူ ကိုယ်တိုင် သို့မဟုတ် ကိုယ်စားလှယ်များမှ **နိုင်ငံသားအသိအမှတ်ပြုကတ်ပြား(မူရင်း)** ယူဆောင်ပြီး ထောက်ပံ့ငွေ ထုတ်ယူနိုင်ပြီဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ထောက်ပံ့ကြေးပေးအပ်သည့် ကိစ္စနှင့်ပတ်သက်၍ သိရှိလိုသည်များကို လူမှုဝန်ထမ်းဦးစီးဌာန Help Line ဖုန်းနံပါတ် 1566 သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

## ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက်(၂)နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ခြင်း အစီအစဉ်(MCCT)တွင် အကျိုးခံစားခွင့်ရှိသူများအနေဖြင့် ထောက်ပံ့ငွေထုတ်ယူရန် အသိပေးနှိုးဆော်ခြင်း

ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး(နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ)၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ MCCT အစီအစဉ်တွင် အကျိုးခံစားခွင့်ရှိသူများအား သက်ဆိုင်ရာ **မြန်မာ့စီးပွားရေးဘဏ်ခွဲ**များတွင် **၂၂-၉-၂၀၂၅ ရက်မှ ၂၂-၁၂-၂၀၂၅ ရက်အထိ** ထောက်ပံ့ငွေများကို ထုတ်ပေးသွားမည်ဖြစ်ပါသဖြင့် အကျိုးခံစားခွင့်ရှိသူ ကိုယ်တိုင် သို့မဟုတ် ကိုယ်စားလှယ်များမှ **နိုင်ငံသားအသိအမှတ်ပြုကတ်ပြား(မူရင်း)** ယူဆောင်ပြီး ထောက်ပံ့ငွေ ထုတ်ယူနိုင်ပြီဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ထောက်ပံ့ကြေးပေးအပ်သည့်ကိစ္စနှင့်ပတ်သက်၍ သိရှိလိုသည်များကို လူမှုဝန်ထမ်းဦးစီးဌာန Help Line ဖုန်းနံပါတ် 1566 သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

# တစ်နှစ်သုံးသီး သီးနှံစိုက်ပျိုးနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေးပွဲနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၂၆**

ဇေယျာသီရိမြို့နယ် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး ပင်လောင်းလမ်းဆုံနှင့် အိုင်စောက်ကျေးရွာကြား ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ထားရှိမှုကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကြည့်ရှုစစ်ဆေးပြီး အမှိုက်များ၊ ဒိုက်များ ပိတ်ဆို့မှုမရှိစေရေး ရှင်းလင်းဆောင်ရွက်ရန်မှာကြား၍ ချောင်းကမ်းကြီးကျေးရွာ ကျွန်းရောင်း-အိုင်စောက်-ပေါင်းလောင်းရေထုတ်မြောင်းမှ ရေစီးဆင်းမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဇမ္ဗူသီရိခန်းမ၌ကျင်းပသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအစည်းအဝေးသို့ တက်ရောက်ပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းများကိုအခြေခံပြီး MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံ၏ GDP တိုးတက်ပြီး နိုင်ငံပိုင်နှင့်ပုဂ္ဂလိကပိုင်စက်မှုလုပ်ငန်းများ ရေရှည်တည်တံ့နိုင်မည်ဖြစ်ကြောင်း ပြောကြား၍ တက်ရောက်လာသူများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပုဗ္ဗသီရိမြို့နယ် ဆင်တဲကြီးကျေးရွာ သာသနာ့ဝိသောဓနီကျောင်းတိုက် ဓမ္မာရုံ၌ကျင်းပသည့် တစ်နှစ်သုံးသီးသီးနှံစိုက်ပျိုးနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေးပွဲသို့ တက်ရောက် အဖွင့်အမှာစကားပြောကြားပြီး ဓာတ်မြေဩဇာများ၊ နေကြာမျိုးစေ့၊ ပိုက်ဆန်



လျှော်မျိုးစေ့၊ EM နှင့် အောင်နိုင်တိုးမျိုးစပါးများကို တောင်သူများထံပေးအပ်ကြောင်း သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**

# မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ် - ၂၀၂၅ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဩဂုတ် ၂၆**

မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ် -၂၀၂၅ (Future Front Myanmar : Youth Strategy Forum-2025) အောင်မြင်စွာကျင်းပနိုင်ရေး ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ကျင်းပရာ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ လူငယ်ရေးရာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် တိုင်းဒေသကြီးနှင့်ပြည်နယ် လူမှုရေးရာဝန်ကြီးများက Virtual စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ ဖွင့်ပွဲ၊ ပိတ်ပွဲကျင်းပမည့် အစီအစဉ်များကိုလည်းကောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ် လူမှုရေးရာဝန်ကြီးများက ထူးချွန်လူငယ်ကိုယ်စားလှယ်ရွေးချယ်ထားရှိမှုကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

လူငယ်မဟာဗျူဟာဖိုရမ်တွင် အိန္ဒိယနိုင်ငံမှ မဟာဗျူဟာလေ့လာသုံးသပ်သူ Mr. Atul Aneja က ကမ္ဘာလုံးဆိုင်ရာ ပထဝီရှုခင်းရှုကွက်များကိုနားလည်ခြင်း၊ ပြောင်းလဲနေသောကမ္ဘာနှင့် မြန်မာ- ပထဝီနိုင်ငံရေး၊ မြန်မာ- ပထဝီနိုင်ငံရေးနှင့် ဗဟုဝင်ရိုးကမ္ဘာခေါင်းစဉ်များဖြင့်လည်းကောင်း၊ ဆွစ်ဇာလန်နိုင်ငံ SUPDI မှ တွဲဖက်ပါမောက္ခ Mr.Lorenzo က မြန်မာနိုင်ငံနှင့် ပထဝီစီးပွားရေးမဟာဗျူဟာ၊ ပြောင်းလဲနေသော ကမ္ဘာနှင့် မြန်မာ-ပထဝီ စီးပွားရေး၊ မြန်မာ-ပထဝီစီးပွားရေးနှင့်ဗဟုဝင်ရိုးကမ္ဘာခေါင်းစဉ်များဖြင့်လည်းကောင်း၊ အနာဂတ်ပညာရေးနှင့်ကျွမ်းကျင်မှု၊ စီးပွားရေးအခွင့်အလမ်းများနှင့်လူငယ်စွန့်ဦးတီထွင်လုပ်ငန်းများ၊ နိုင်ငံသားပူးပေါင်းပါဝင်မှုနှင့် လူငယ်ခေါင်းဆောင်မှု၊ ရေရှည်တည်တံ့မှုနှင့်ရာသီဥတုဆိုင်ရာ အရေးယူဆောင်ရွက်မှု၊ ကမ္ဘာလုံးဆိုင်ရာ ချိတ်ဆက်မှုနှင့် ယဉ်ကျေးမှုတိုးမြှင့်ခြင်း စသည့်ခေါင်းစဉ်များကို အဖွဲ့လိုက်ဆွေးနွေးခြင်း၊ ကမ္ဘာ့ကဖေးပုံစံဆွေးနွေးခြင်း၊ Icebreaker Activity / Energizer Quiz ပုံစံဆွေးနွေးခြင်းနှင့် အနှစ်ချုပ်ဆွေးနွေးခြင်းများဖြင့်လည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြဝတီ**

# တရုတ်နှင့်မြန်မာနိုင်ငံတို့ကြား သံတမန်ဆက်ဆံရေးထူထောင်မှု (၇၅)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံရှိ တတ်သိပညာရှင်အဖွဲ့အစည်းများနှင့် သတင်းမီဒီယာကိုယ်စားလှယ်အဖွဲ့ ချစ်ကြည်ရေးအလည်အပတ်ခရီးသွားရောက်ရန် တရုတ်နိုင်ငံသို့ထွက်ခွာ

**ရန်ကုန် ဩဂုတ် ၂၆**

မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး၏ ဖိတ်ကြားချက်အရ တရုတ်နှင့်မြန်မာနိုင်ငံတို့ကြား သံတမန်ဆက်ဆံရေးထူထောင်မှု(၇၅)နှစ်ပြည့်အထိမ်းအမှတ်အဖြစ်မြန်မာနိုင်ငံရှိတတ်သိပညာရှင်များအဖွဲ့၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်သတင်းမီဒီယာကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် တရုတ်နိုင်ငံသို့ထွက်ခွာကြသည်။

ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် တရုတ်နိုင်ငံ ပေကျင်းမြို့နှင့် နန့်ကျင်းမြို့များရှိ ထင်ရှားသောနေရာများသို့ လေ့လာခြင်း၊ တရုတ် + မြန်မာ နှစ်နိုင်ငံလူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ကူးလူးဖလှယ်မှုကို နက်ရှိုင်းစေရေးနှင့်လက်ရှိအခြေအနေနှင့် အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေး စသည့်အပြန်အလှန်ဆွေးနွေးခြင်းများအား ဆောင်ရွက်ကြမည်ဖြစ်ကြောင်းသတင်းရှိသည်။ **မြဝတီ**

## ၂၆-၈-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ဈေးနှုန်းမှာ (၅,၉၀၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ စစ်သည်များ၊ စစ်မှုထမ်းဆဲ/စစ်မှုထမ်းဟောင်း မိသားစုဝင်သားသမီးများ၊ စစ်သည်အစားခန့်အရပ်သားဝန်ထမ်းများ၏ သားသမီးများ၊ လူရည်ချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများနှင့် နိုင်ငံတော်အဆင့်ပြိုင်ပွဲများတွင် ဆုရကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနား၌ ဆုရရှိသူများ၏စကားသံများ

နေပြည်တော်  ဩဂုတ်  ၂၆

တပ်မတော်(ကြည်း၊ ရေ၊ လေ) ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သော စစ်သည်များ၊ စစ်မှုထမ်းဆဲ / စစ်မှုထမ်းဟောင်း မိသားစုဝင်သားသမီးများ၊ စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ၏ သားသမီးများ၊ လူရည်ချွန်ဆုနှင့် နိုင်ငံတော်အဆင့် ဆောင်းပါး၊ စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းဆုရရှိသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင်ကျင်းပရာ တက်ရောက်လာကြသည့် ဆုရရှိသူများ၏ပီတိစကားသံများကို ဖော်ပြလိုက်ရပါသည်-

**ဒုတိယဗိုလ်မှူးကြီးရဲမြင့်အောင်၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း(မင်္ဂလာဒုံ)၊ ကျောင်းအုပ်ချုပ်မှုတာဝန်ခံအရာရှိ**



၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်မှုအနေနဲ့ ဖြေဆိုသူ ၂၃၂ ဦးမှ ၂၂၄ ဦးအောင်မြင်ပြီး အောင်ချက်အနေနဲ့ ကတော့ ၉၆ ဒသမ ၅၅ ရာခိုင်နှုန်းဖြင့် ၆ ဘာသာ ခြောက်ဦးနဲ့ဂုဏ်ထူးရစုစုပေါင်း ၈၇ ဦးရရှိပြီး တပ်မတော်ကျောင်းတွေမှာ အောင်ချက်အကောင်းဆုံးဆုရရှိခဲ့ပါတယ်၊ အောင်မြင်မှုအနေနဲ့ ယခုလိုအောင်ချက် အကောင်းဆုံးတို့၏ တပ်မတော်ကျောင်းတွေမှာ ပထမဆု ၁၃ ကြိမ်ရရှိပြီး မြန်မာတစ်နိုင်ငံလုံးမှာလည်း အောင်ချက်အကောင်းဆုံးပထမကို သင်ရိုးဟောင်းနောက်ဆုံးနှစ်မှာလည်း ပထမ၊ သင်ရိုးသစ် Grade -12 မှာ ၂၀၂၄ ခုနှစ်တွင် ပထမ၊ ယခု ၂၀၂၅ ခုနှစ်မှာ ပထမ သုံးနှစ်ဆက် ရရှိခဲ့ပါတယ်။

ကျွန်တော်တို့ကျောင်းဟာ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲမှာ မြန်မာတစ်နိုင်ငံလုံးမှာ အောင်ချက်အကောင်းဆုံးဆုရတဲ့အထိအောင်မြင်ခဲ့လို့ အားရကျေနပ်ပျော်ရွှင်မိပါတယ်။ ဒီလိုအောင်မြင်မှုရအောင်လည်း ပညာသင်နှစ်စမှ နှစ်ဆုံးတိုင်အောင် ဆရာ၊ မိဘ၊ ကျောင်းသားဟန်ချက်ညီညီလက်တွဲကြိုးစားခဲ့လို့လည်း ရရှိခဲ့တာပါ။ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း (မင်္ဂလာဒုံ)ဟာ တပ်မတော်ကျောင်း တစ်ကျောင်းဖြစ်တဲ့အတွက် တပ်ကျောင်းများရဲ့ ဗဟိုစံပြကျောင်းလည်းဖြစ်ပါတယ်။ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာဘက်စုံထူးချွန်တဲ့ကျောင်းဖြစ်အောင် အမြဲကြိုးစားနေပါတယ်။ အခုလိုကြိုးစားခဲ့ရတဲ့ အောင်မြင်မှုအသီးအပွင့်ကို အသိအမှတ်ပြုတဲ့အနေနဲ့ တပ်မတော်အကြီးအကဲတွေကိုယ်တိုင် အခုလိုခမ်းခမ်းနားနားနဲ့ ချီးမြှင့်ပေးခဲ့လို့ ဆုရကျောင်းသား၊ကျောင်းသူများကိုယ်စား၊ မိဘများကိုယ်စား၊ ဆရာ၊ ဆရာမများကိုယ်စား ဂုဏ်ယူဝမ်းမြောက်ပီတိဖြစ်ရပါတယ်။

**မခင်တင့်တယ်ထက်၊ ၆ ဘာသာဂုဏ်ထူးရှင်**



အခုလို ၆ ဘာသာဂုဏ်ထူးရအောင် စာသင်နှစ်စကတည်းကနေ စပြီးတော့ စာကို သေသေချာချာကြိုးစားခဲ့ပါတယ်။ သမီးရဲ့ဘေးကနေပြီးတော့ ပံ့ပိုးပေးကြတဲ့ မိဘနှစ်ပါးရယ်၊ ကျေးဇူးရှင် ဆရာ၊ ဆရာမတွေရဲ့ ဂရုတစိုက်နဲ့သွန်သင်လမ်းပြမှုတွေကြောင့် အခုလို ၆ ဘာသာကိုရခဲ့တာဖြစ်ပါတယ်ရှင့်။ သမီးရဲ့အနာဂတ်ရည်မှန်းချက်ကတော့ ထူးချွန်ထက်မြက်တဲ့ဆရာဝန်တစ်ယောက်ဖြစ်ချင်တာပါ။ အခုလိုမျိုး စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်း သားသမီးတွေကို တပ်မတော်ကနေပြီးတော့ ဆုချီးမြှင့်ပေးတဲ့အတွက် ဆုရရှိတဲ့ သူငယ်ချင်းတွေအတွက်လည်း ဝမ်းသာပီတိဖြစ်ရသလို ကိုယ်တိုင်လည်း အလွန်ပျော်ရွှင်ရပါတယ်။ အခုလိုပွဲကြီးကိုစီစဉ်ပေးတဲ့ တပ်မတော်အကြီးအကဲနဲ့ တပ်မတော်မှ တာဝန်ရှိသူများအားလုံးကိုလည်း ကျေးဇူးအထူးပဲတင်ရှိပါတယ်။

**မောင်အောင်ခန့်ကို၊ ၆ ဘာသာဂုဏ်ထူးရှင်**



ကျွန်တော်ကတော့ ကျောင်းက ဆရာ၊ ဆရာမတွေသင်ကြားပြသပေးတဲ့ အချိန်မှာ သေသေချာချာနားလည်အောင် သင်ယူလေ့လာ ကျက်မှတ်ခဲ့ပါတယ်။ တစ်နေ့စာ တစ်နေ့ကို ပုံမှန်လုပ်ဖြစ်ပါတယ်။ စာမေးပွဲတွေကိုလည်း သေချာဂရုတစိုက်နဲ့ ဖြေပါတယ်။ ဒီပုံစံအတိုင်း အချိန်ကို အကျိုးရှိရှိအသုံးချပြီးတော့ တစ်နှစ်ပတ်လုံးကြိုးစားသွားပါတယ်။ ကျွန်တော်က အင်ဂျင်နီယာဘာသာရပ်ကို ဝါသနာပါတယ်။ အဲဒါကြောင့် ရန်ကုန်နည်းပညာတက္ကသိုလ်ကိုတက်ဖို့အတွက် စဉ်းစားထားပါတယ်။ တပ်မတော်က အခုလိုမျိုး ထူးချွန်တဲ့ကျောင်းသား၊ကျောင်းသူတွေကို ဆုချီးမြှင့်ပေးတဲ့အတွက် ကြိုးစားမှုကို အသိအမှတ်ပြုပေးတယ်လို့ ခံယူပါတယ်။ တပ်မတော်အကြီးအကဲနဲ့ တပ်မတော်မှ တာဝန်ရှိသူများကိုလည်း ကျေးဇူးအထူးတင်ရှိပါတယ်။

**မမိုးပြည့်ဖြိုးဆွေ၊ ၅ ဘာသာဂုဏ်ထူးရှင်**



သမီးက မနက်အိပ်ရာထချိန်ကနေစပြီး ညအိပ်ရာဝင်ချိန်ရောက်တဲ့အထိ အချိန်ဇယားများကို စနစ်တကျသေချာချမှတ်စီစဉ်ထားပြီးတော့ ဘာသာရပ်အလိုက် လေ့လာကျက်မှတ်ခဲ့တာပဲဖြစ်ပါတယ်။ ဒီလိုအလေ့အကျင့်ကို သမီးက Grade-11 ကနေပြီးတော့ စခဲ့တာပါ။ စာလုပ်ခဲ့တဲ့အချိန်မှာလည်း စာကိုသေချာစွာလုပ်ခဲ့ပါတယ်။ အနားယူတဲ့အချိန်မှာလည်း ကောင်းကောင်းအနားယူပါတယ်။ အချိန်ကိုအကျိုးရှိစွာ အသုံးချပြီးတော့ အကောင်းဆုံးကြိုးစားခဲ့ပါတယ်။ သမီးအခုဆေးကျောင်းတက်ဖို့ စဉ်းစားထားပါတယ်၊ အနာဂတ်မှာ သမီးအနေနဲ့ မျက်စိအထူးကုဆရာဝန်ကောင်းတစ်ယောက်ဖြစ်ချင်ပါတယ်၊ အခုလိုသမီးတို့ကို ဆုချီးမြှင့်ပေးတဲ့အတွက် တပ်မတော်အကြီးအကဲနဲ့ တပ်မတော်မှတာဝန်ရှိသူများ အားလုံးကိုလည်း ကျေးဇူးအထူးပဲတင်ရှိပါတယ်။

**မောင်သော်ဇင်ထက်၊ ၅ ဘာသာဂုဏ်ထူးရှင်**



ကျွန်တော့်ရဲ့ အနာဂတ်ရည်မှန်းချက်ကတော့ နည်းပညာတက္ကသိုလ်ကနေ ဘွဲ့ယူပြီးတော့ နိုင်ငံတော်အတွက် တစ်ထောင့်တစ်နေရာကနေ အကျိုးပြုတဲ့လုပ်ငန်းတွေကို လုပ်ကိုင်သွားချင်ပါတယ်။ တပ်မတော်ကနေ အခုလို ဆုချီးမြှင့်ပေးတဲ့ အခမ်းအနားကြီးကို ကျွန်တော်တို့လို စစ်မှုထမ်းသားသမီးတွေအတွက် ကျင်းပပေးလို့ အတိုင်းမသိဝမ်းသာပီတိဖြစ်ရပါတယ်။

**ဒုတိယတပ်ကြပ် ကောင်းမြတ်ကျော်၊ ၁ ဘာသာဂုဏ်ထူးရှင်**



ကျွန်တော်ကတော့ အမှတ်(၅) တပ်မတော်ပညာရေးကျောင်းမှာ Grade-12 စာမေးပွဲကို ဝင်ရောက်ဖြေဆို အောင်မြင်ခဲ့ပြီးတော့ ပထဝီဝင်ဘာသာရပ်ကို ဂုဏ်ထူးထွက်အောင်ဖြေဆိုနိုင်ခဲ့တဲ့အတွက် အခုလိုဆုချီးမြှင့်ပွဲကိုတက်ရောက်ရတာပဲဖြစ်ပါတယ်။ တပ်မတော်ပညာရေးကျောင်းမှာတက်ရတာကတော့ အပြင်ကျောင်းတွေနဲ့တော့ မတူတာတွေရှိပါတယ်။ တပ်မတော်ထဲမှာနေတာဆိုတော့ တပ်မတော်သားတာဝန်တွေလည်း ရှိတာပေါ့။ အဲဒီကြားထဲကနေမှ စာကိုလေ့လာရတာဆိုတော့ပိုပြီးတော့ကြိုးစားခဲ့ရတာပေါ့။ အခုလို ဆုချီးမြှင့်ပေးတဲ့အတွက် အတိုင်းမသိဝမ်းသာရပါတယ်။ အခုလိုချီးမြှင့်ပေးတော့ နောင်လာမယ့်သူတွေအတွက်လည်း ပိုပြီးတော့မှ ကြိုးစားချင်စိတ်ဖြစ်ရတာပေါ့။ တပ်မတော်ပညာရေးကျောင်းတွေကနေ Grade-12 စာမေးပွဲကို နောက်ထပ်ဖြေဆိုကြမယ့် စစ်သည်တွေအနေနဲ့လည်း အများကြီးကြိုးစားပါလို့၊ တပ်မတော်က အကောင်းဆုံးတွေကို အများကြီးထောက်ပံ့ပေးထားပါတယ်။ အဲဒါကြောင့် အကောင်းဆုံးကြိုးစားကြပါလို့ ပြောချင်ပါတယ်။

**မောင်စွမ်းသူအောင်၊ သုံးထပ်ကွမ်း လူရည်ချွန်ဆုရရှိသူ**



ကျွန်တော့်အနေနဲ့ အခုလိုလူရည်ချွန်ဆုကိုရရှိဖို့အတွက် တစ်နှစ်စီတိုင်းမှာ အဆင့်သုံးဆင့်ယှဉ်ပြိုင်ရတာပဲ ဖြစ်ပါတယ်။ ပထမအဆင့်ကတော့ ကျောင်းအဆင့်ဖြစ်ပါတယ်။ ကျောင်းအဆင့်မှာဆိုရင် နှစ်ဝက်စာမေးပွဲကြီးမှာ အမှတ်ကောင်းအောင် ဆောင်ရွက်ရပါတယ်။ ပြီးရင်တော့ အားကစားတွေကိုလည်း ယှဉ်ပြိုင်လုပ်ဆောင်ရပါတယ်။ နောက်တစ်ဆင့်ကတော့ မြို့နယ်အဆင့်မှာ ယှဉ်ပြိုင်ရပါတယ်။ မြို့နယ်အဆင့်မှာ ထပ်မံရွေးချယ်ခြင်းခံရပြီဆိုရင် ခရိုင်အဆင့်ကို တက်ရောက်ယှဉ်ပြိုင်ရပါတယ်၊ အခုလိုမျိုး ကျွန်တော်တို့လို တပ်မတော်သားမိသားစုဝင်တွေနဲ့ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်းမိသားစုတွေ၊ ပြီးတော့ စစ်သည်အစားခန့် အရပ်သားဝန်ထမ်းမိသားစုဝင်တွေရဲ့ ထူးချွန်ထက်မြက်တဲ့ သားသမီးတွေကို တပ်မတော်အကြီးအကဲနဲ့တကွ တာဝန်ရှိသူများက ဆုများကိုချီးမြှင့်ပေးတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ ပိုပြီးတော့ ကြိုးစားချင်စိတ်တွေလည်း တဖွားဖွားပေါ်ပေါက်လာရပါတယ်။ အဲဒီအပြင်ကိုမှ ကျွန်တော်တို့အနေနဲ့ တိုင်းပြည်အကျိုး၊ နိုင်ငံ့အကျိုး၊ တပ်မတော်အကျိုးကို စွမ်းစွမ်းတမံဆောင်ရွက်သွားဖို့အတွက် အားအင်တွေလည်း များစွာရရှိပါတယ်။ အခုလိုပွဲကြီးကို ကျင်းပပေးတဲ့ တပ်မတော်အကြီးအကဲနဲ့ တပ်မတော်မှ တာဝန်ရှိသူများအားလုံးကိုလည်း ကျေးဇူးအထူးတင်ရှိပါတယ်။

ဇော်မျိုး(မြဝတီ)

ဓာတ်ပုံ- ရွှေဖြိုး(မြဝတီ)

# ဥက္ကလာဂေါက်ကွင်းတွင် တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဩဂုတ် ၂၆

ဥက္ကလာဂေါက်ကွင်းသည် ရန်ကုန်မြို့တွင်းနှင့် အနီးစပ်ဆုံးနေရာတွင်တည်ရှိပြီး နိုင်ငံတကာ အဆင့်မီ ကျင်း ၂၇ ကျင်းပါဝင်သော ဂေါက်ကွင်း အဖြစ် အဆင့်မြှင့်တင်ထားရှိကာ နေ့ဘက်တွင် မအားလပ်သူများအတွက် ညဘက်တွင်ပါ Night Golf ကစားနိုင်ရန် စီစဉ်ပေးထားခြင်းများအပါ အဝင် အဆင့်မီဝန်ဆောင်မှုများ ပေးအပ်လျက်ရှိသောကြောင့် ပြည်တွင်းပြည်ပ ဂေါက်သီးရိုက် အားကစားသမားများ အများအပြားလာရောက် ကစားလျက်ရှိရာ ယနေ့ နံနက် ၉ နာရီတွင် ကိုရီးယားနိုင်ငံသား ဂေါက်သီးရိုက်ကစားသမား Mr. Lee Jae Ick သည် ကစားဖော်များဖြစ်သော Mr. Choi Kwang Sun၊ Mr. Son Suk Chang တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ်ကျင်းအမှတ် (၅)၌ Titleist-2 ဘောလုံးကို XTRON. Wood-5 တုတ်ဖြင့် ကိုက် ၁၆၀ အကွာအဝေးမှရိုက်ရာ တစ်ချက်တည်းကျင်းဝင်(Hole In One) သွားခဲ့သည်။



Hole In One ရရှိသော အဆိုပါကစားသမားကို ဥက္ကလာဂေါက်ကွင်းမှ TRISTAR အမှတ်တံဆိပ်တာယာနှစ်လုံး၊ တစ်လအတွင်း အခမဲ့ ဂေါက်သီးရိုက်ကစားခွင့် ငါးကြိမ်လက်မှတ်များနှင့် Mytel မှ ငွေသားဆုငွေကျပ် ၁၀၀၀၀၀ ကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပြီး ဥက္ကလာဂေါက်ကွင်းတွင် Hole In One ရရှိခြင်းမှာ ယခုအကြိမ်နှင့်ဆိုလျှင် (၈၂)ကြိမ်မြောက်ရရှိခြင်းဖြစ်သည်။

ဥက္ကလာဂေါက်ကွင်းအား နိုင်ငံတကာအဆင့်မီ ဂေါက်ကွင်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်မှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပြီး လာရောက်ကစားသူများအား အကောင်းဆုံး ဝန်ဆောင်မှုပေးထားလျက်ရှိကြောင်း သတင်းရရှိသည်။

မြဝတီ

# အပူပိုင်းမုန်တိုင်းငယ်၏အရှိန်ကြောင့် ဩဂုတ်လ ၂၉ ရက်အတွင်း မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍မိုးကြီးနိုင်


နေပြည်တော် ဩဂုတ် ၂၆


**အပူပိုင်းမုန်တိုင်းငယ်အခြေအနေ**


ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ လာအိုနိုင်ငံအထက်ပိုင်းဒေသများနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ထိုင်းနိုင်ငံမြောက်ပိုင်းဒေသများကို ရောက်ရှိနေသော အပူပိုင်းမုန်တိုင်းငယ်သည် လာအိုနိုင်ငံနှင့် ထိုင်းနိုင်ငံနယ်စပ်ဒေသများကို ဆက်လက်ဖြတ်ကျော်လျက်ရှိသည်။

**နောက် ၁၈ နာရီအတွင်းခန့်မှန်းချက်**

အဆိုပါအပူပိုင်းမုန်တိုင်းငယ်သည် အနောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၆ နာရီအတွင်း ထိုင်းနိုင်ငံနယ်စပ်ဒေသများတွင် လေဖိအားနည်းဆဲလ်အဖြစ် အားလျော့နိုင်ပြီး နောက် ၁၂ နာရီအတွင်း ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံနယ်စပ်ဒေသများတွင် လေပွေ့လှိုင်းအဖြစ် အားလျော့သွားမည်ဟု ခန့်မှန်းရသည်။




**သတိပေးနှိုးဆော်ချက်**

အဆိုပါအပူပိုင်းမုန်တိုင်းငယ်၏အရှိန်ကြောင့် ယနေ့ညမှ ဩဂုတ်လ ၂၉ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ အပူပိုင်းမုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

# ဂုဏ်ပြုပွဲမှ အတွေးစ

❖ ပညာကို အလေးထား
ကြိုးစားကြ မောင်မယ်တွေ။
ထူးချွန်စွာ အောင်မြင်မှုကို
ဂုဏ်ပြုပြီလေ။
ပီတိလှိုင်း တဝေဝေ
ဖြစ်မိပေ ရင်ထဲ။
လူငယ်တွေ ပညာပန်းဖြင့်
တင့်ဆန်းသည့်ပွဲ။

❖ လူငယ်တွေ ကြိုးစားမှု
ဂုဏ်ပြုပွဲ ကျင်းပစဉ်။
စိတ်ထဲတွင် အတွေးတစ်စ
တွေးဆသိမြင်။
ပညာတတ်လျှင်
တွေးမြော်မြင်စွမ်းဆောင်အား။
ပညာဉာဏ်အရောင်လက်တယ်
ထက်မြက်ထူးခြား။

❖ နိုင်ငံတော် အနာဂတ်
ကောင်းမြတ်လို့ ဖွံ့ဖြိုးရာ။
ပညာတတ် လူ့စွမ်းအား
ပေါ်များမှသာ။
မျိုးချစ်စိတ် အရင်းခံကာ
စည်သာလို့ ပြည်ရွာအေး။
နည်းလမ်းမှန် မျိုးချစ်မာန်ဖြင့်
ကြံစည်ကာရွက်ဆောင်မှု
ပြုနိုင်မည်လေး။

❖ ပညာကို ပန်ဆင်မြန်း
သစ်ဆန်းသည့် မောင်မယ်တွေ။
သင့်တော်ရာ ပညာများကို
ကြိုးစားသင်လေ။
မိမိဘဝအခြေ
မြင့်မားစေ ဝေစည်အလှ။
တို့တိုင်းပြည် တို့လူမျိုးရဲ့
ကောင်းကျိုးဆောင် ရှေ့သို့လှမ်း
ဝမ်းသာအားရ။ ။

**အင်ကြင်းသူ(နေပြည်တော်)**

# လှည်းကူးမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၆

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ အဝိုင်းအနောက်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ကောဝိဒါရာမကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၂ ပါးနှင့် ဒေသခံပြည်သူ ၇၈ ဦးတို့အား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်၊ မန်းကလိပ်ကျေးရွာအုပ်စု၊ မန်းကလိပ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၁၅၆ ဦးအား ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများကို အဆိုပါကျေးရွာရှိ ဇေယျာသုခကျောင်းတိုက်၌ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# ရေကြီးမှုအခြေအနေ

နေပြည်တော် ဩဂုတ် ၂၆

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၂ လက်မခန့်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

# မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဩဂုတ် ၂၆

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

# နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိ ကမ္ဘာကျော်ဂုတ်ထိပ်မီးရထားလမ်းတံတားအား TNLA အကြမ်းဖက်သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုအပေါ် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်ချက်များကို အဖွဲ့အစည်းအသီးသီးက ထပ်မံထုတ်ပြန်

နေပြည်တော် ဩဂုတ် ၂၆

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့နှင့် ကျောက်မဲမြို့ကို ဆက်သွယ်ထားပြီး မန္တလေး-လားရှိုး ရထားလမ်းပေါ်၌တည်ရှိသည့် နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိ ကမ္ဘာကျော်ဂုတ်ထိပ်မီးရထားလမ်းတံတားအား TNLA အကြမ်းဖက်သောင်းကျန်းသူများက စစ်ရေးနှင့်သက်ဆိုင်ခြင်းမရှိဘဲ ဆင်ခြင်တုံတရားကင်းမဲ့စွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုအပေါ် ပြည်သူလူထုတစ်ရပ်လုံးက လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ကန့်ကွက်ရှုတ်ချလျက်ရှိသည့်အပြင် အဖွဲ့အစည်းအသီးသီးကလည်း အဆိုပါအကြမ်းဖက်လုပ်ရပ်အပေါ် ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်ချက်များကို ဩဂုတ်လ ၂၅ ရက်မှစ၍ အသီးသီးထုတ်ပြန်ခဲ့ကြသည်။

ယနေ့တွင်လည်း မြန်မာ-အိန္ဒိယအပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာ-အိန္ဒိယချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်း၊ မြန်မာ့ငြိမ်းချမ်းရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ပါးရေးအဖွဲ့တို့က TNLA အကြမ်းဖက်သောင်းကျန်းသူများ၏ အဆိုပါအကြမ်းဖက်လုပ်ရပ်အပေါ် ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း ထုတ်ပြန်ချက်များ ထပ်မံထုတ်ပြန်ကြသည်။ အဆိုပါထုတ်ပြန်ချက်များတွင် အများပြည်သူခရီးသွားလာရေးနှင့် ကုန်သည်များ ကူးသန်းရောင်းဝယ်ဖောက်ကားရေးအတွက် အရေးပါပြီး ခေတ်အဆက်ဆက်ထင်ရှားကျော်ကြားခဲ့သည့်သမိုင်းဝင်အထင်ကရတံတားကြီးအား စစ်ရေးပစ်မှတ်မဟုတ်ဘဲ ရက်စက်ယုတ်မာစွာ မိုင်းထောင်ဖျက်ဆီးခဲ့ကြသည့် TNLA အကြမ်းဖက်သောင်းကျန်းသူများ၏ မိုက်မဲမှားယွင်းသောလုပ်ရပ်အား မြန်မာနိုင်ငံသူ၊ နိုင်ငံသားများ၊ ငြိမ်းချမ်းရေးကိုလိုလားသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့်ထပ်တူ ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း ဖော်ပြထားကြသည်။

ကမ္ဘာကျော်ဂုတ်ထိပ်တံတားကြီးသည် မြန်မာနိုင်ငံ၏အမြင့်ဆုံးနှင့် ကမ္ဘာပေါ်တွင် ဒုတိယအမြင့်ဆုံးတံတား၊ ကမ္ဘာ့အကြီးဆုံး မီးရထားသံလမ်းတံတားဖြစ်ပြီး အဆိုပါဂုတ်ထိပ်တံတားအား TNLA အကြမ်းဖက်သောင်းကျန်းသူများက ဩဂုတ်လ ၂၄ ရက် နံနက်ပိုင်းတွင် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် ကျောက်မဲမြို့ဘက်ခြမ်း၊ တံတားတိုင်အမှတ်(P-16)နှင့် ကမ်းကပ်ခုံ(AB-2) နေရာတို့အကြား ပေ ၆၀ အရှည်ရှိ တံတားသံပေါင်နေရာနှင့် တံတား၏ကမ်းကပ်ခုံ(AB-2)တို့ ပျက်စီးသွားခဲ့ရခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

## မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ် ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

TNLA အကြမ်းဖက်သောင်းကျန်းသူများက ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း ထင်ရှားကျော်ကြားပြီး ပြည်တွင်း/ပြည်ပခရီးသွားပြည်သူများ အများအပြားလာရောက်ကြည့်ရှုလေ့လာကြပြီး မန္တလေး-လားရှိုး ရထားလမ်းပေါ်တွင်တည်ရှိသည့် ဂုတ်ထိပ်တံတားအား ဩဂုတ်လ ၂၄ ရက် နံနက်ပိုင်းတွင် မိုင်းထောင်ဖောက်ခွဲခဲ့ကြောင်း သိရှိရသည်။

အဆိုပါဂုတ်ထိပ်တံတားသည် နှစ်ပေါင်း ၁၂၅ နှစ် သက်တမ်းရှိပြီး မြန်မာပြည်၏အမြင့်ဆုံးနှင့် ကမ္ဘာပေါ်တွင် ဒုတိယအမြင့်ဆုံးတံတား၊ ကမ္ဘာ့အကြီးဆုံး မီးရထားသံလမ်းတံတားဟု မှတ်ကျောက်တင်ခံရပြီး ထင်ရှားကျော်ကြားသောတံတားတစ်စင်းဖြစ်၍ ထိုကဲ့သို့ ဂုတ်ထိပ်တံတားအား မိုင်းထောင်ဖောက်ခွဲခဲ့သည့် TNLA အကြမ်းဖက်သောင်းကျန်းသူများ၏ အသိတရားကင်းမဲ့စွာ အကြမ်းဖက်လုပ်ရပ်များကိုကျူးလွန်မှုအား မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာ**
**စီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်**
**(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်)**

## မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအသင်း ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်

နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိပြီး နောင်ချိုမြို့နှင့် ကျောက်မဲမြို့ကိုဆက်သွယ်ထားသည့် မန္တလေး-လားရှိုး ရထားလမ်းပေါ်တွင်တည်ရှိသော ကမ္ဘာကျော်ဂုတ်ထိပ်မီးရထားလမ်းတံတားအား ဩဂုတ်လ ၂၄ ရက် နံနက်ပိုင်းက TNLA အကြမ်းဖက်အဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရှိရပါသည်။

ထိုကဲ့သို့ မြန်မာ့အမွေအနှစ်ဖြစ်သည့် သမိုင်းဝင်ဂုတ်ထိပ်တံတားကြီးအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် TNLA အကြမ်းဖက်အဖွဲ့၏လုပ်ရပ်အား မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအသင်းက လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်း**

## မြန်မာ့ငြိမ်းချမ်းရေးနှင့်ဆင်းရဲနွမ်းပါးမှုလျှော့ပါးရေးအဖွဲ့ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချခြင်း

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်

TNLA အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် မြန်မာနိုင်ငံ၏ အထင်ကရ သမိုင်းအမွေအနှစ်အမှတ်အသားတစ်ခုဖြစ်သည့် နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိသော ကမ္ဘာကျော် ဂုတ်ထိပ်မီးရထားတံတားအား ၂၀၂၅ ခုနှစ် ဩဂုတ်လ ၂၄ ရက်နေ့ နံနက်ပိုင်းက ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖျက်ဆီးခဲ့ကြောင်းသိရသည်။

သို့ဖြစ်၍ ခေတ်အဆက်ဆက် ထင်ရှားကျော်ကြားခဲ့သော သမိုင်းဝင် အထင်ကရတံတားကြီးအား စစ်ရေးပစ်မှတ်မဟုတ်ဘဲ အများပြည်သူခရီးသွားလာရေး၊ ကုန်သည်ကူးသန်းရောင်းဝယ်ဖောက်ကားရေးအတွက် အရေးပါသည့် ကမ္ဘာကျော်ဂုတ်ထိပ်မီးရထားတံတားအား ရက်စက်ယုတ်မာမိုက်မဲစွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြသည့် TNLA အကြမ်းဖက်သောင်းကျန်းသူများ၏ မိုက်မဲမှားယွင်းသောလုပ်ရပ်အား မြန်မာနိုင်ငံသူ နိုင်ငံသားများ၊ ငြိမ်းချမ်းရေးကိုလိုလားသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့်ထပ်တူ မိမိတို့ မြန်မာ့ငြိမ်းချမ်းရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ပါးရေးအဖွဲ့မှ ပြင်းထန်စွာကန့်ကွက်ရှုတ်ချအပ်ပါကြောင်း။

**မြန်မာ့ငြိမ်းချမ်းရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ပါးရေးအဖွဲ့**

# (၁၂)ကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပ



နေပြည်တော် ဩဂုတ် ၂၆

(၁၂)ကြိမ်မြောက်အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ (12th ASEAN Ministerial Meeting on Social Welfare and Development–AMMSWD and Related Meetings)ကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် Video Conference ဖြင့် ဩဂုတ်လ ၂၆ ရက်မှ ၂၉ ရက်အထိ နေပြည်တော်ရှိ M–Gallery Hotel ၌ လက်ခံကျင်းပသည်။

အဆိုပါ အစည်းအဝေးများဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်ကျင်းပရာ အာဆီယံ လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေး အလှည့်ကျဥက္ကဋ္ဌဖြစ်သူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်း တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။

ဖွင့်ပွဲအပြီးတွင် အကြိမ်(၂၀)မြောက် အာဆီယံအစိုးရအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများဖိုရမ် (20th ASEAN GO–NGO Forum)ကို ဆက်လက်ကျင်းပရာ အာဆီယံအတွင်းရေးမှူးချုပ်ရုံး ဒုတိယအတွင်းရေးမှူးချုပ် ဦးစံလွင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး အာဆီယံနိုင်ငံများရှိ လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစိုးရဌာနများ၊ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံတကာဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံရှိ အစိုးရဌာနများ၊ နိုင်ငံတကာနှင့် ပြည်တွင်းလူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အဆိုပါ Forum တွင် ကလေးသူငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးပုဂ္ဂိုလ်များနှင့် မသန်စွမ်းသူများအတွက် ဆောင်ရွက်လျက်ရှိသော လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများအပေါ် အာဆီယံဒေသတွင်း နိုင်ငံအသီးသီးနှင့်မိတ်ဖက်အဖွဲ့အစည်းများမှ Speaker များက ကဏ္ဍအလိုက်ဆွေးနွေးကြပြီး အကြံပြုချက်များကိုဖော်ထုတ်ခဲ့သည်။

ဩဂုတ်လ ၂၇ ရက်တွင် (၃)ကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာထူးချွန်ဆု (3rd ASEAN Outstanding Social Welfare and Development Award–AOSWADA) ပေးပွဲအခမ်းအနား၊ (၂၁)ကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး (21st SOMSWD Meeting) ကိုလည်းကောင်း၊ ၂၈ ရက်တွင် အကြိမ် (၂၀)မြောက် အာဆီယံ လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အာဆီယံ+၃ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (20thSOMSWD + 3Meeting) နှင့် (၇)ကြိမ်မြောက် အာဆီယံဒေသတွင်း အားလုံးအကျုံးဝင်ပါဝင်နိုင်သော စွန့်ဦးတီထွင်မှုဆိုင်ရာ ကျွမ်းကျင်သူများကွန်ရက် အစည်းအဝေး (7th Network of Experts on Inclusive Entrepreneurship for ASEAN–NIEA) တို့ကိုလည်းကောင်း၊ ၂၉ ရက်တွင် (၁၂)ကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးများ (12th ASEAN Ministerial Meeting on Social Welfare and Development–AMMSWD)နှင့် (၈)ကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အာဆီယံ+၃ ဝန်ကြီးများအဆင့်အစည်းအဝေး (8th AMMSWD+3 Meeting)တို့ကိုလည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

ယမန်နေ့ မွန်းလွဲပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Jaime Nadal Roig အား ဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် လူမှုဝန်ထမ်းဦးစီးဌာနနှင့် UNFPA တို့အကြား လက်မှတ်ရေးထိုးထားသည့်လုပ်ငန်းစီမံချက်အရ ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းများ ပေးအပ်ခဲ့မှု၊ အဆိုပါလုပ်ငန်းစီမံချက် သက်တမ်းတိုးဆောင်ရွက်ရေး၊ ငလျင်ဘေးသင့်ပြည်သူများအတွက် အကူအညီပေးအပ်ခဲ့မှု၊ မြန်မာနိုင်ငံတွင်တာဝန်ထမ်းဆောင်လျက်ရှိသော UNFPA ဝန်ထမ်းများ၏ ဗီဇာနှင့်နေထိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များအတွက် ဝန်ကြီးဌာနအနေဖြင့် ညှိနှိုင်းဆောင်ရွက်ပေးနေမှုနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **မြဝတီ**

# မြောက်ဥက္ကလာပမြို့နယ် တရားရုံးအဆောက်အအုံသစ်ဖွင့်ပွဲကျင်းပ



ရန်ကုန် ဩဂုတ် ၂၆

မြောက်ဥက္ကလာပမြို့နယ် တရားရုံး အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို မရမ်းကုန်းခရိုင် မြောက်ဥက္ကလာပမြို့နယ်၊ (ဆ)ရပ်ကွက် ခေမာသီလမ်းနှင့် သမာဓိလမ်းထောင့်ရှိ မြောက်ဥက္ကလာပမြို့နယ် တရားရုံး၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်း၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တရားလွှတ်တော် တရားသူကြီးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်တို့က ရုံးအဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးနောက် မြို့နယ်တရားရုံး ဆိုင်းဘုတ်ကိုလည်း စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်ပက်ဖျန်းပေးသည်။

ယင်းနောက် ဒုတိယပိုင်းအစီအစဉ်အား အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ G 3 GROUP ကုမ္ပဏီလီမိတက်မှ မန်နေးဂျင်း ဒါရိုက်တာ ဦးဖြိုးပိုင်က ရုံးအဆောက်အအုံနှင့်ပတ်သက်၍ရှင်းလင်းတင်ပြပြီး ရုံးအဆောက်အအုံနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများကို မြောက်ဥက္ကလာပမြို့နယ် တရားသူကြီး ဦးရဲမင်းထွန်းထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။ ထို့နောက် မြို့နယ်တရားသူကြီးက မြို့နယ်တရားရုံးအဆောက်အအုံသစ်အား ခေတ်နှင့်လျော်ညီစွာ တည်ဆောက်နိုင်ရန် စီမံဆောင်ရွက်ပေးမှုနှင့် ရုံးသစ်ဖွင့်လှစ်ဆောင်ရွက်နိုင်ရန် အဘက်ဘက်မှ ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ပေးမှုအပေါ် ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်က မြို့နယ်တရားရုံးအဆောက်အအုံဖွင့်ပွဲအထိမ်းအမှတ်ဖန်သားတံဆိပ်ကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးစိုးသိန်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းတို့ထံ ပေးအပ်သည်။

အခမ်းအနားအပြီးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အဆောက်အအုံသစ်အတွင်း လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များမှာကြားခဲ့သည်။

အဆိုပါမြောက်ဥက္ကလာပမြို့နယ်တရားရုံးအဆောက်အအုံသစ်အား ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ၂၀၂၁ –၂၀၂၂ ဘဏ္ဍာနှစ်မှစ၍ ၂၀၂၄ – ၂၀၂၅ ဘဏ္ဍာနှစ်အထိ ပြည်ထောင်စုတရားလွှတ်တော်ချုပ် ခွင့်ပြုရန်ပုံငွေ စုစုပေါင်း ငွေကျပ် ၄၃၂၅ သန်းဖြင့် G 3 GROUP ကုမ္ပဏီလီမိတက်မှ တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ယခုတည်ဆောက်ပြီးစီးခဲ့သည့် မြောက်ဥက္ကလာပမြို့နယ်တရားရုံးသည် အလျားပေ ၁၆၀၊ အနံ ၈၂ ပေ၊ လေးထပ်သံကူကွန်ကရစ်အဆောက်အအုံဖြစ်ကာ ခေတ်နှင့်လျော်ညီစွာ တည်ဆောက်ထားကြောင်း သိရသည်။

**နေကိုထိုက်**

# တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲ အောင်နိုင်ခြင်း နှစ်(၈၀)ပြည့်အထိမ်းအမှတ် မီဒီယာများတွေ့ဆုံဆွေးနွေး

ရန်ကုန် ဩဂုတ် ၂၆

မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးက ကြီးမှူးကျင်းပသည့် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲ အောင်နိုင်ခြင်း နှစ်(၈၀)ပြည့်အထိမ်းအမှတ်နှင့်စပ်လျဉ်း၍ မီဒီယာများနှင့်တွေ့ဆုံဆွေးနွေးပွဲ (တတိယသုံးလပတ် မြန်မာ – တရုတ်မီဒီယာတွေ့ဆုံပွဲ)ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ Wyndham Grand Hotel ၌ ကျင်းပသည်။



ဆွေးနွေးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စ မာကျား၊ မြန်မာနိုင်ငံအခြေစိုက် တရုတ်သတင်းဌာနများ၊ မြန်မာ – တရုတ် နှစ်နိုင်ငံမှ သတင်းမီဒီယာများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ “ဒုတိယကမ္ဘာစစ်အတွင်း မြန်မာ့စစ်မြေပြင်သို့ တရုတ်ခရီးရှည် ချီတက်တပ်ဝင်ရောက်တိုက်ခိုက်ရေး၏ အနက်အဓိပ္ပာယ်” Video Clip ကိုပြသသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စ မာကျားက ယခုမီဒီယာတွေ့ဆုံပွဲသည် ငြိမ်းချမ်းရေးကို မြတ်နိုးသည့်နိုင်ငံများ၊ ပြည်သူများနှင့်အတူ သမိုင်းကြောင်းကိုမမေ့မလျော့ဘဲ အနာဂတ်ကောင်းတစ်ခု အတူတူဖန်တီးနိုင်ရန်အတွက် ပြုလုပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးရဲတင့်က ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ဒေသတွင်းနိုင်ငံများ အနေဖြင့် ပဋိပက္ခများနှင့် စစ်ပွဲများရှောင်ရှားလျက် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူဝါဒချက်နှင့်အညီ ငြိမ်းချမ်းရေးကို တန်ဖိုးထား ဦးတည်ဆောင်ရွက်ရင်း အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများအကြား စာနာထောက်ထားမှု၊ ရိုင်းပင်းကူညီမှု၊ အေးချမ်းသာယာမှုများနှင့်အတူ အနာဂတ်ကာလတွင် အိမ်နီးချင်းကောင်းပီသစွာ ရပ်တည်နေထိုင်သွားကြပါစို့ဟု ပြောကြားသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတို့နှင့် မြန်မာ–တရုတ်နှစ်နိုင်ငံမှ သတင်းမီဒီယာများက နှစ်နိုင်ငံဒေသအတွင်း အနာဂတ်ငြိမ်းချမ်းရေး အသိုက်အဝန်း အတူတကွဖော်ဆောင်နိုင်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးဖလှယ်ခဲ့ကြကြောင်း သိရသည်။

**မြဝတီ**

# ထူးချွန်စွာအောင်မြင်သူတွေအတွက် အောင်ဆုသွန်းလောင်းခြင်း

ဘုန်းမောင်ဝင်း(ဖျာပုံ)



တပ်မတော်သည် နိုင်ငံတော်အတွက် အားကိုးအားထားပြုနေရသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။ နိုင်ငံတော်တွင် အရေးကိစ္စကြုံလေတိုင်း တပ်မတော်က ဦးဆောင်ကာ အောင်မြင်စွာဖြေရှင်းပေးခဲ့ရသည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို အမျိုးသားရေးတာဝန်အဖြစ် စွဲမြဲစွာ ခံယူကျင့်သုံးလျက်ရှိသည်။ နိုင်ငံတော်အတွက်မရှိမဖြစ်တပ်မတော်သည် အစဉ်အလာကောင်းများနှင့်ပြည့်စုံပြီး စစ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်ဟူသော စွမ်းရည်သုံးရပ်ထက်မြက်နေရမည်ဖြစ်သည်။ ထိုသို့ဖြစ်နေစေရန်အတွက် တပ်မတော်သားများသည် အရည်အချင်းပြည့်ဝနေရမည်ဖြစ်သည်။

တပ်မတော်သို့ ဝင်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်သူများအတွက် ယင်းတို့ကို ပညာရေးမြှင့်တင်ပေးနိုင်ရန် တပ်မတော်ပညာရေးကျောင်းများကို ဖွင့်လှစ်ကာ အတန်းပညာများကို ဆက်လက်သင်ယူစေလျက်ရှိသည်။ ထို့အတူ တပ်မတော်သား၏ မိသားစုဝင်သားသမီးများကို ၎င်းတို့၏ပညာရေးနှင့်ပတ်သက်၍လည်း အခြေခံပညာကျောင်းများ ဖွင့်လှစ်ကာ ပညာရေးတွင် ထူးချွန်စွာသင်ယူစေလျက်ရှိသည်။ ပညာရေးနှင့်ပတ်သက်လာလျှင် တပ်မတော်သည် အထူးပင်အားပေးချီးမြှင့်မြှောက်စားလျက်ရှိသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မှစစ်သည်များ၊ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်းမိသားစုဝင်သားသမီးများ၊ စစ်သည်အစားခန့်အရပ်သားဝန်ထမ်းများ၏ သားသမီးများ၊ လူရည်ချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများနှင့် နိုင်ငံတော်အဆင့် ပြိုင်ပွဲများတွင် ဆုရကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို ဩဂုတ်လ ၂၆ ရက်က နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပခဲ့သည်။ မျိုးဆက်သစ်မောင်မယ်များအနေဖြင့် ပညာကိုမြတ်နိုးပြီး ကြိုးစားချင်စိတ်များ ပိုမိုပေါ်ထွန်းလာစေရေး ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှစ၍ ဂုဏ်ပြုဆုများကို နှစ်စဉ်ပေးအပ်ချီးမြှင့်ခဲ့သည်။

၂၀၂၄- ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံးအောင်ချက်ရာခိုင်နှုန်းသည် ၄၈ ဒသမ ၀၆ ရာခိုင်နှုန်းရှိခဲ့ပြီး ဘာသာစုံဂုဏ်ထူးရှင် ၁၉၆ ဦးအထိ ပေါ်ထွက်လာခဲ့သည်။ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများမှာ ပညာအရာတွင် ထူးချွန်ထက်မြက်သူ၊ အများထက် သာလွန်သည့်ဉာဏ်ပညာရှိသူ၊ ဇွဲ၊ လုံ့လ၊ ဝီရိယများနှင့်ရည်မှန်းချက်ထားပြီး တစိုက်မတ်မတ်ကြိုးစားအားထုတ်အောင်မြင်ကြသူများဖြစ်ကြသည်။ ထိုသို့အောင်မြင်မှုများရရှိခြင်းသည် လွယ်လွယ်ကူကူနှင့်ရခဲ့ခြင်းမဟုတ်ဘဲ ငယ်စဉ်ကတည်းက ပညာကို ကြိုးစားသင်ယူလိုစိတ်များစိမ့်ဝင်စွဲမြဲခဲ့ပြီး ခိုင်မာတည်ကြည်သည့်စိတ်ဓာတ်နှင့် ရည်မှန်းချက်ပန်းတိုင်သို့ရောက်ရမည်ဟု အလေးအနက်သန္နိဋ္ဌာန်ချမှတ်ကာ ကြိုးပမ်းစွမ်းဆောင်ခဲ့၍ အောင်မြင်မှုရရှိခြင်းဖြစ်သည်။

တပ်မတော်သည် နိုင်ငံအတွက် အားကိုးအားထားပြုနိုင်သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ထာဝစဉ်တည်ဆောက်လျက်ရှိရာတွင် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အစဉ်တစိုက်ပျိုးထောင်ပေးလျက်ရှိသည်။ တပ်မတော်သားများတာဝန်ကို ကျေပွန်စွာထမ်းဆောင်နေကြသကဲ့သို့ ယင်းတို့၏ သားသမီးများ၏ပညာရေးနှင့်ပတ်သက်၍ ဂုဏ်ရှိန်မြင့်မားစေရန် လိုအပ်ချက်မရှိအောင် ဖြည့်ဆည်းပေးထားသည်။ အဆိုပါ တပ်မတော်သားများနှင့် အစားခန့်ဝန်ထမ်းများ၏ သားသမီးများသည် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ပါက ဂုဏ်ထူးရရှိသည့် ဘာသာရပ်အရေအတွက်အလိုက် ဂုဏ်ပြုဆုငွေများပေးအပ်သည်။ ထို့အတူ တပ်မတော်တွင် နှစ်ပေါင်းများစွာ နိုင်ငံ့တာဝန်များကိုကျေပွန်စွာထမ်းဆောင်ပြီး အငြိမ်းစားယူသွားသောစစ်မှုထမ်းဟောင်း သားသမီးများသည်လည်း တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ပါက ထိုနည်းအတိုင်းပင် ထိုက်တန်စွာဂုဏ်ပြုလျက်ရှိသည်။

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်စား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ စစ်သည်များ၊ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်း မိသားစုဝင်သားသမီးများ၊ စစ်သည်အစားခန့်အရပ်သား ဝန်ထမ်းများ၏ သားသမီးများ၊ လူရည်ချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများနှင့် နိုင်ငံတော်အဆင့် ပြိုင်ပွဲများတွင် ဆုရကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ် **“ပညာရေးသည် တစ်ဦးတစ်ယောက်အတွက်သာလျှင် အရေးပါခြင်းမဟုတ်ဘဲ လူ့ပတ်ဝန်းကျင်တည်ဆောက်ခြင်းနှင့်နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအပိုင်းတွင်လည်း အဓိကအခန်းကဏ္ဍက ပါဝင်နေကြောင်း၊ ဒီမိုကရေစီနိုင်ငံတစ်ခု တည်ဆောက်သည့်နေရာတွင် ဒီမိုကရေစီသဘောတရားများနှင့်အတူ လက်တွေ့အကောင်အထည်ဖော်သည့်အခါတွင် ပညာတတ်မြောက်မှုအရည်အသွေး မြင့်မားရန်လိုအပ်ကြောင်း၊ ဒီမိုကရေစီစနစ်နှင့်ကိုက်ညီမည့် အသိဉာဏ်၊ ဗဟုသုတ၊ အတွေးအခေါ်များရှိကြရန်လိုကြောင်း၊ အခြေခံပညာသင်ကျောင်းများတွင် သင်ပေးလိုက်သည့် စာရိတ္တနှင့်ပြည်သူ့နီတိဘာသာရပ်များသည် ဒီမိုကရေစီကျင့်စဉ်ကောင်းများ၏အခြေခံများပင်ဖြစ်ကြောင်း၊ ထို့ကြောင့် လူငယ်များအတွက် အတတ်ပညာသာမက အသိပညာဗဟုသုတပြည့်ဝရေးသည် နိုင်ငံအတွက် အလွန်အရေးကြီးကြောင်း အသိပေးပြောကြားလိုကြောင်း”** ထည့်သွင်းပြောကြားခဲ့သည်။

တပ်မတော်သည် နိုင်ငံတော်အတွက် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီသည့်တစ်ခုတည်းသောမျိုးချစ်တပ်မတော်ဖြစ်သည်နှင့်အညီ နိုင်ငံတော်ကအားကိုးအားထားပြုနိုင်လောက်သည့် အရည်အသွေးများရှိနေရမည်ဖြစ်သည်။ မြန်မာ့သမိုင်းစဉ်တွင် တပ်မတော်တစ်ရပ်အခိုင်အမာရှိနေ၍ လွတ်လပ်ရေးရရှိခဲ့သလို ရရှိထားသောလွတ်လပ်ရေးကြီးမဆုံးရှုံးစေရေးအတွက်လည်း အားသွန်ခွန်စိုက်ကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည်။ တပ်မတော်သားအားလုံး အရေအတွက်ရှိနေရမည်ဖြစ်သလို အရည်အချင်းလည်း ပြည့်ဝနေရမည်ဖြစ်သည်။ စွမ်းရည်ထက်မြက်ခြင်း၊ ခေတ်မီခြင်း၏အခြေခံမှာ ပညာအရည်အချင်းဖြစ်သည်။ လျင်မြန်စွာတိုးတက်ပြောင်းလဲနေသည့် ယနေ့ကမ္ဘာတွင် ပညာအရည်အချင်းရှိနေမှသာ ခေတ်နှင့်အညီ ခေတ်မီစွာဆောင်ရွက်နိုင်မည်ဖြစ်သည်။

ထို့ကြောင့် တပ်မတော်သည် ပညာရေးကို အထူးအားပေးသည်။ အလေးအနက်ထားသည်။ နိုင်ငံတော်အကြီးအကဲ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် တိုင်းစစ်ဌာနချုပ်နယ်မြေ၊ တပ်ရင်း၊ တပ်ဖွဲ့များတွင် တပ်မတော်သားများ၊ မိသားစုများနှင့်တွေ့ဆုံတိုင်း အလေးအနက်ထားပြောကြားသည်မှာ “ပညာရည်မြင့်မားအောင် ကြိုးစားရေး”ဖြစ်သည်။ တပ်မတော်သည် ပညာရေးကို အလေးအနက်ထားသည့်အတွက်ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်တွင် တိုင်းစစ်ဌာနချုပ်များအလိုက် တပ်မတော်ပညာရေး ကျောင်းများဖွင့်လှစ်ကာ တပ်မတော်သားများအား ပညာဆက်လက်သင်ယူနိုင်ရန် အတန်းစဉ်မပြတ် သင်ကြားပေးလျက်ရှိသည်။။ ထို့အတူ တပ်မတော်သားမိသားစုများအတွက် အခြေခံပညာကျောင်းများဖွင့်လှစ်ကာ တပ်မတော်သားမိသားစုဝင်များ၊ အရပ်ဘက်ကျောင်းသား၊ ကျောင်းသူများကို စနစ်တကျပညာသင်ကြားပေးလျက်ရှိသည်။

စနစ်တကျဆိုရာတွင် စိတ်ဓာတ်ကောင်းအောင်၊ စည်းကမ်းကောင်းအောင်၊ ပညာရေးတွင် ထူးချွန်အောင်သင်ကြားပေးလျက်ရှိသည်။ အဆိုပါအထက်တန်းကျောင်းများသည်လည်း အောင်ချက်ရာခိုင်နှုန်းမြင့်မားအောင် သင်ပေးလျက်ရှိသည့်အတွက် နိုင်ငံတော်နှင့်တပ်မတော်မှချီးမြှင့်သည့်ဆုများရရှိကြသည်။ ဆိုလိုသည်မှာ တပ်မတော်သည် ပညာရေးကို အထူးအားပေးပြီး ထူးချွန်စွာတတ်မြောက်အောင်သင်ကြားပေးနေခြင်းကို ဥပမာပြလိုခြင်းဖြစ်သည်။ ပညာရေးနှင့်ပတ်သက်လာလျှင် တပ်မတော်တွင် လက်ရှိတာဝန်ထမ်းဆောင်နေကြသူများသာမက အငြိမ်းစား တပ်မတော်သားများ၏ သားသမီးများနှင့် ပတ်သက်လာလျှင်လည်း

**စာမျက်နှာ ၁၃ သို့** ❐

**➤“ပညာရဲရင့် ပွဲလယ်တင့်”၊ “ပညာရွှေအိုး လူမခိုး”ဟူသည့်ဆိုရိုးများသည် ပညာ၏အရေးပါမှုကို ဖော်ညွှန်းခြင်းဖြစ်သည်။ နိုင်ငံတိုင်း၊ နိုင်ငံတိုင်းသည် မိမိတို့နိုင်ငံစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်ရန် လူသားအရင်းအမြစ်ကို အဓိကထားဆောင်ရွက်လျက်ရှိသည်။ လူသားအရင်းအမြစ်ဟူသည် ပညာအပေါ်အဓိကမူတည်တည်ဆောက်ခြင်းဖြစ်ပြီး ပညာရေးရင်းနှီးမြှုပ်နှံမှုကို အဓိကအလေးထားလုပ်ဆောင်ခြင်းဖြစ်သည်။**

⇨ **စာမျက်နှာ ၁၄ မှအဆက်**

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် လူရည်ချွန်ဆုနှင့် ထူးချွန်ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများ၊ စစ်သည်များ၊ တာဝန်ရှိသူများနှင့်အတူ အမှတ်တရစုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယ ဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များသည် အခမ်းအနားတက်ရောက်လာကြသူများ၊ ဆုရစစ်သည်များ၊ လူရည်ချွန်ဆုနှင့် ထူးချွန်ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများ၊ မိဘများနှင့် ဆရာ၊ ဆရာမများအား စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံသည်။ စားသောက်ဖွယ်ရာများ သုံးဆောင်နေစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များက လူငယ်ဂုဏ်ပြုတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

ဧည့်ခံဖျော်ဖြေပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် လူရည်ချွန်ဆုနှင့် ထူးချွန်ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများ၊ စစ်သည်များ၊ တာဝန်ရှိသူများနှင့် မိဘအုပ်ထိန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

---

❒ **စာမျက်နှာ ၁၂ မှအဆက်**

ပစ်ပယ်ထားခြင်းမျိုးမရှိဘဲ အလေးအနက်ထားဂုဏ်ပြုချီးမြှင့်လျက်ရှိသည်။ တပ်မတော်သားများ၊ အငြိမ်းစားတပ်မတော်သားများသည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသူများ၊ ထမ်းဆောင်ပြီးသူများဖြစ်ကြသည့်အတွက် နိုင်ငံတော်အကြီးအကဲအနေဖြင့် အလေးအနက်ထားကာ ယခုကဲ့သို့ ဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်သည်။

"ပညာရဲရင့်ပွဲလယ်တင့်"၊ "ပညာရွှေအိုးလူမခိုး"ဟူသည့်ဆိုရိုးများသည် ပညာ၏ အရေးပါမှုကို ဖော်ညွှန်းခြင်းဖြစ်သည်။ နိုင်ငံတိုင်း၊ နိုင်ငံတိုင်းသည် မိမိတို့နိုင်ငံ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်ရန် လူသားအရင်းအမြစ်ကို အဓိကထားဆောင်ရွက်လျက်ရှိသည်။ လူသားအရင်းအမြစ်ဟူသည် ပညာအပေါ် အဓိကမူတည်တည်ဆောက်ခြင်းဖြစ်ပြီး ပညာရေးရင်းနှီးမြှုပ်နှံမှုကို အဓိက အလေးထားလုပ်ဆောင်ခြင်းဖြစ်သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပုဒ်မ ၂၈(ဂ)အရ "အခမဲ့မသင်မနေရ မူလတန်းပညာရေးစနစ်ဖော်ဆောင်ရမည်။" ပုဒ်မ ၃၆၆အရ "နိုင်ငံသားတိုင်းသည် နိုင်ငံတော်က ချမှတ်ထားသောပညာရေးဆိုင်ရာမူဝါဒများနှင့်အညီ (က)ပညာသင်ကြားပိုင်ခွင့်ရှိသည်။ (ခ)ဥပဒေဖြင့်ပြဋ္ဌာန်းသည့် မသင်မနေရအခြေခံပညာများကို သင်ကြားရမည်"ဟု ပြဋ္ဌာန်းထားပြီးဖြစ်သည်။ ဤသည်မှာ နိုင်ငံတော်အနေဖြင့် လူငယ်များ၏ပညာရေးနှင့်ပတ်သက်၍အလေးအနက်ထားခြင်းဖြစ်သည်။

ပညာရေးသည် တစ်ဦးတစ်ယောက်ချင်းအတွက် အရေးကြီးရုံသာမက လူ့ပတ်ဝန်းကျင်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အဓိကကျလှသည်။ ဒီမိုကရေစီနိုင်ငံတော်ကိုတည်ထောင်မည်ဆိုပါက ရွေးချယ်မှုနှင့်ဒီမိုကရေစီသဘောတရားများ လက်တွေ့အကောင်အထည်ဖော်ရာတွင် ပညာတတ်မြောက်မှုမြင့်မားရန်လိုသည်။ ဒီမိုကရေစီစနစ်နှင့် ကိုက်ညီမည့် အသိဉာဏ်၊ ဗဟုသုတ၊ အတွေးအခေါ်ရှိကြရမည်ဖြစ်သည်။ လူငယ်များမှာ အတန်းပညာရှိနေမှသာ အတတ်ပညာသာမက အသိပညာဗဟုသုတပြည့်ဝနေမည်ဖြစ်သည်။ ဤအရေးကိစ္စသည် နိုင်ငံ့အနာဂတ်အတွက် လွန်စွာအရေးပါသည်။ **"ပညာ"**ဆိုသည်မှာ အမှားအမှန်၊ အကောင်းအဆိုး၊ အကြောင်းအကျိုးကိုသိရှိနားလည်ပြီး စဉ်းစားတွေးခေါ်ဝေဖန်ပိုင်းခြားနိုင်သည့် **"အသိဉာဏ်"**ဖြစ်သည်။ နိုင်ငံသားတိုင်းအသိဉာဏ်ပညာပြည့်စုံကြမှသာ နိုင်ငံ့အကျိုးသယ်ပိုးနိုင်သည့် စစ်မှန်သည့်အင်အားတစ်ရပ်ကို ထူထောင်နိုင်မည်ဖြစ်သည်။ ထို့အတူ တပ်မတော်နှင့်ဆက်နွယ်သူအပေါင်းမှာလည်း ပညာအရည်အချင်းပြည့်ဝနေမှသာ တပ်မတော်သည် နိုင်ငံအတွက်အကြီးမားဆုံးအင်အားဖြစ်နေပေလိမ့်မည်။

တပ်မတော်အင်အားရှိဖို့ဆိုရာတွင် ကာယအင်အား၊ ဉာဏအင်အားနှင့် ခေတ်မီသည့်နည်းပညာများကိုပိုင်ဆိုင်နေရမည်ဖြစ်သည်။ လူအင်အား၊ စိတ်ဓာတ်အင်အား၊ ပညာအင်အားတို့နှင့် ပြည့်စုံနေရမည်။ စစ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်ဟူသော စွမ်းရည်သုံးရပ်ပြည့်စုံရေး၏ အခြေခံသည်လည်း ပညာပင်ဖြစ်သည်ဟုဆိုနိုင်သည်။ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အခြေခံပညာသင်ယူစဉ်တွင် အလေ့အကျင့်ကောင်းများနှင့်အစွမ်းကုန်ကြိုးစားခဲ့၍ ယခုကဲ့သို့ အောင်မြင်မှုရရှိခြင်းဖြစ်သည်။ အဆင့်မြင့်ပညာများကို ဆက်လက်သင်ယူရာတွင်လည်း မိမိတို့ဝါသနာပါသည့်၊ စိတ်ဝင်စားသည့်ပညာရပ်များကို မှန်မှန်ကန်ကန်ရွေးချယ်ပြီး အောင်မြင်မှုများကို ဆက်လက်ထိန်းသိမ်းကြရမည်ဖြစ်သည်။ အဆင့်မြင့်ပညာသင်ယူသည့်အခါတွင် သိပ္ပံဘာသာရပ်များကို လေ့လာသင်ယူမည်ဆိုပါက နိုင်ငံ၏စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများကို အထောက်အကူပြုနိုင်မည်ဖြစ်သကဲ့သို့ ဝိဇ္ဇာဘာသာရပ်များကို လေ့လာသင်ယူခြင်းအားဖြင့်လည်း မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံများကို ကာကွယ်ထိန်းသိမ်းမြှင့်တင်နိုင်မည်ဖြစ်သည်။ လူငယ်များအနေဖြင့် နိုင်ငံတော်၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် ဝိဇ္ဇာနှင့် သိပ္ပံဘာသာရပ်နှစ်ခုစလုံးကို တန်ဖိုးထားကာ မိမိတို့ဝါသနာနှင့်ကိုက်ညီသည့် ပညာရေးခရီးလမ်းကို ဆက်လက်လျှောက်လှမ်းကြရမည်ဖြစ်သည်။

**ယနေ့လူငယ် နောင်ဝယ်လူကြီး** ဆိုစကားအတိုင်း လူငယ်ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိတို့၏ အနာဂတ်ဘဝခရီးလမ်းဖြောင့်ဖြူးပြီး နိုင်ငံတော်က အားကိုးအားထားပြုနိုင်သူများဖြစ်အောင် သက်ဆိုင်ရာလူကြီးမိဘဆရာသမားများက ပြုစုပျိုးထောင်ပေးခြင်းဖြစ်သည်။ မိဘဆရာသမားတို့၏ ပြောဆိုဆုံးမသွန်သင်မှုသည် လူငယ်တို့၏အနာဂတ်၊ နိုင်ငံတော်၏ အနာဂတ်ကို အလှဆင်နိုင်ရန်ဖြစ်သည်။ နောင်တစ်ချိန်တွင် နိုင်ငံတော်၏တာဝန်အရပ်ရပ်၊ ကဏ္ဍအသီးသီးတွင်တာဝန်ယူကြရမည့်သူဖြစ်ကြသည့်အတွက် မိမိတို့၏ဘဝတစ်သက်တာတွင် နိုင်ငံတော်ကိုချစ်မြတ်နိုးခြင်း၊ တပ်မတော်ကို ချစ်မြတ်နိုးခြင်းဆိုသော ယုံကြည်ချက်၊ ခံယူချက် ထားရှိကြရမည်ဖြစ်သည်။ ထို့ပြင် မိဘဆရာသမားတို့၏ ဂုဏ်ကျေးဇူးကိုအထူးသတိရကာ ကျေးဇူးဆပ်နိုင်သူများဖြစ်အောင် ကြိုးစားကြရမည်ဖြစ်သည်။

လူငယ်များအနေဖြင့် စဉ်ဆက်မပြတ်ကြိုးစားနေမှသာ မိမိတို့နေထိုင်ရာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်သောနိုင်ငံအဖြစ် ရပ်တည်နေနိုင်မည်ဖြစ်သည်။ နိုင်ငံတော်အစိုးရနှင့်တပ်မတော်အနေဖြင့် ပညာရေးကိုအထူးအားပေးနေသည့်အလျောက် ကျောင်းသား၊ ကျောင်းသူလူငယ်များနှင့် တပ်မတော်သားများသည် အသိပညာနှင့်အတတ်ပညာကို ဟန်ချက်ညီညီထိန်းညှိပြီး မိမိတို့ရည်မှန်းချက်ပန်းတိုင်သို့ ဆက်လက်လျှောက်လှမ်းရင်း နိုင်ငံ့သားကောင်း၊ သမီးကောင်းများဖြစ်အောင် ကြိုးစားကြရမည်ဖြစ်သည်။ အထူးသဖြင့် ပညာရေးနှင့်ပတ်သက်၍ နိုင်ငံတော်အကြီးအကဲ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ စေတနာမေတ္တာနှင့်ဂုဏ်ပြုချီးမြှင့်ခြင်းကို အစဉ်သတိရလျက် မိမိတို့ဘဝကို ပိုမိုတိုးတက်ကောင်းမွန်အောင် ကြိုးစားကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

---

# လွိုင်ကော်တပ်နယ်မှ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ တောင်ကြီးမြို့မှပြည်သူများအား အနုပညာရှင်များက ဖျော်ဖြေတင်ဆက်



တောင်ကြီး ဩဂုတ် ၂၆

ကယားပြည်နယ် လွိုင်ကော်တပ်နယ်ရှိ တပ်မတော်သားများနှင့်မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား အနုပညာရှင်များ၏ ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုကို ယနေ့နံနက်ပိုင်းတွင်ပြုလုပ်ရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်တို့ တက်ရောက်ကြည့်ရှုအားပေးပြီး တပ်ဖွဲ့ဝင်များအား ဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဦးစွာပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များက နယ်မြေတည်ငြိမ်အေးချမ်းမှုရှိလာအောင် စွန့်လွှတ်စွန့်စားစွာ ကြိုးပမ်းဆောင်ရွက်နိုင်မှုနှင့်အတူ ကယားပြည်နယ်အစိုးရ၏စီမံမှုနှင့် ပြန်လည်ပြုပြင်မွမ်းမံဆောက်လုပ်နိုင်မှုတို့ကြောင့် လွိုင်ကော်မြို့သည် အချိန်တိုအတွင်း တိုးတက်ပြီးစီးကာ သန့်ရှင်းသာယာလှပမှုများကို မြင်တွေ့ရကြောင်း၊ ဆက်လက်ပြီးလည်း ယခုကဲ့သို့ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုများဖြင့် ပိုမိုတိုးတက်အောင်မြင်မှုများ ရရှိနိုင်ရန် ဆန္ဒပြုကြောင်း ပြောကြားပြီး တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များအတွက် ဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်သူချစ်သော အနုပညာရှင်များဖြစ်ကြသည့် အကယ်ဒမီရန်အောင်၊ အကယ်ဒမီမေသန်းနု၊ အကယ်ဒမီစိုးမြတ်သူဇာ၊ ဒိန်းဒေါင်၊ အုန်းသီး၊ ငြိမ်းချမ်း၊ ယဉ်လတ်၊ သဥ္ဇာမြင့်မိုရ်၊ နေခြည်ငြိမ်းချမ်းနှင့် အနုပညာရှင်များကစုပေါင်း၍ တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ တပ်ဖွဲ့ဝင်များက ပျော်ရွှင်စွာ အတူတကွ လိုက်ပါ သီဆိုကခုန်အားပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အနုပညာရှင်များနှင့်အတူ လွိုင်ကော်မြို့မှ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့သို့ ရောက်ရှိကြသည်။

ထို့နောက် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ အနုပညာရှင်များက ဖျော်ဖြေတင်ဆက်ရာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်နယ်မှ မိသားစုများ၊ တောင်ကြီးမြို့ရှိ တိုင်းရင်းသားစာပေယဉ်ကျေးမှုအဖွဲ့ရှစ်ဖွဲ့မှ တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ဒေသခံပြည်သူများ၊ ဆေးတက္ကသိုလ်(တောင်ကြီး)၊ တောင်ကြီးတက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဖျော်ဖြေပွဲတွင် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များမှ ရှမ်းအကနှင့် ပအိုဝ့်အကတို့ဖြင့် စုပေါင်းဖျော်ဖြေပြီး အနုပညာရှင်များက အငြိမ့်ကပြမှုအပါအဝင် တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဖျော်ဖြေတင်ဆက်ခဲ့ကြသော အနုပညာရှင်များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ရှမ်းပြည်နယ်အစိုးရအဖွဲ့အတွက် MRTV DTH စလောင်းအစုံ ၃၀ နှင့် T-2 အစုံ ၅၀ အားလည်းကောင်း၊ ရှမ်းတောင်ပရဟိတ ညီနောင်များအဖွဲ့အတွက် MRTV DTH စလောင်းအစုံ ၅၀ နှင့် T-2 ၅၀ အားလည်းကောင်း၊ Forever Group ကုမ္ပဏီမှ စီမံကိန်းဒါရိုက်တာ ဦးသိန်းထွန်းအောင်က ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ရှမ်းတောင်ပရဟိတညီနောင်များအဖွဲ့အတွက် Canal+ DTH စလောင်းအစုံ ၅၀ စီဖြင့် ပေါင်း ၁၀၀ အားလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက MRTV DTH စလောင်း ၁၀ စုံနှင့် T-2 Set Top Box အစုံ ၂၀ တို့အား တက်ရောက်လာသူများအတွက် ကံစမ်းမဲဖောက်ပေးပြီး မဲပေါက်သူများကို တစ်ဆက်တည်းလွှဲပြောင်းပေးအပ်ကြသည်။

ထို့နောက် အနုပညာရှင်များနှင့် တက်ရောက်လာကြသူများစုပေါင်း၍တေးသီချင်းများသီဆိုကခုန်ကာ ပျော်ရွှင်စွာ ဖျော်ဖြေပွဲကို ရုပ်သိမ်းကြောင်း သိရသည်။

မြဝတီ

⇨ **စာမျက်နှာ ၁၅ မှအဆက်**

စဉ်းစားတွေးခေါ်ဝေဖန်ပိုင်းခြားနိုင်သည့် **"အသိဉာဏ်"** ပင်ဖြစ်ကြောင်း။

ပညာရေးသည် တစ်ဦးတစ်ယောက်အတွက်သာလျှင် အရေးပါခြင်းမဟုတ်ဘဲ လူ့ပတ်ဝန်းကျင်တည်ဆောက်ခြင်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအပိုင်းတွင်လည်း အဓိကအခန်းကဏ္ဍက ပါဝင်နေကြောင်း၊ ဒီမိုကရေစီနိုင်ငံတစ်ခု တည်ဆောက်သည့်နေရာတွင် ဒီမိုကရေစီသဘောတရားများနှင့်အတူ လက်တွေ့အကောင်အထည်ဖော်သည့်အခါတွင် ပညာတတ်မြောက်မှုအရည်အသွေးမြင့်မားရန် လိုအပ်ကြောင်း၊ ဒီမိုကရေစီစနစ်နှင့်ကိုက်ညီမည့် အသိဉာဏ်၊ ဗဟုသုတ၊ အတွေးအခေါ်များရှိကြရန်လိုကြောင်း၊ အခြေခံပညာသင်ကျောင်းများတွင် သင်ပေးလိုက်သည့် စာရိတ္တနှင့်ပြည်သူ့နီတိဘာသာရပ်များသည်ဒီမိုကရေစီကျင့်စဉ်ကောင်းများ၏ အခြေခံများပင်ဖြစ်ကြောင်း၊ ထို့ကြောင့် လူငယ်များအတွက် အတတ်ပညာသာမက အသိပညာဗဟုသုတ ပြည့်ဝရေးသည် နိုင်ငံအတွက် အလွန်အရေးကြီးကြောင်း အသိပေးပြောကြားလိုကြောင်း။

ယခုနှစ် မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ပညာရေးကဏ္ဍအပါအဝင်အခြားလူမှုစီးပွားဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စိန်ခေါ်မှုများရှိခဲ့သော်လည်း မိဘ၊ ဆရာ၊ ကျောင်းသားနှင့် အစိုးရ၊ ပြည်သူအားလုံး လက်တွဲညီညီဆောင်ရွက်ခဲ့မှုများကြောင့် အချိန်တိုအတွင်းမှာပင် အဆိုးရွားဆုံးအခြေအနေများကနေ ပြန်လည်ရုန်းထွက်နိုင်ခဲ့ကြောင်း၊ အထူးသဖြင့် ပညာရေးကဏ္ဍတွင် နောက်ကျမှုမရှိရလေအောင် အချိန်နှင့်တစ်ပြေးညီ အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်နိုင်ခဲ့ခြင်းသည် မမေ့နိုင်ဖွယ်မှတ်တမ်းတစ်ခုပင်ဖြစ်ကြောင်း၊ ငလျင်ဘေးဒဏ်ကို အရှုံးမပေးဘဲ မလျှော့သောဇွဲလုံ့လတို့နှင့် ကြိုးစားအားထုတ်ခဲ့ကြသည့်ကျောင်းသား/ကျောင်းသူများ၊ ဘာသာရပ်ဆိုင်ရာ အနီးကပ်သင်တန်းများကို အားသွန်ခွန်စိုက် သင်ကြားပေးခဲ့ကြသည့် ဆရာ/ဆရာမများနှင့် သက်ဆိုင်ရာကျောင်းအသီးသီးက လေ့ကျင့်သင်ကြားရေးစခန်းများတွင် တာဝန်ယူဆောင်ရွက်ပေးခဲ့ကြသည့် ဆရာ/ဆရာမများ စသည့် ပညာရေးတာဝန်ခံအားလုံးကို အသိအမှတ်ပြုပါကြောင်းကို လေးလေးနက်နက်ပြောကြားလိုကြောင်း။

တက္ကသိုလ်ဝင်တန်းစာမေးပွဲကြီးကို ထူးထူးချွန်ချွန်နှင့် ပြီးမြောက်အောင်မြင်အောင်ကြိုးစားနိုင်ခဲ့ကြသည့်ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ထိုသို့အောင်မြင်မှုကိုရရှိရန်မလွယ်ကူသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ဆက်လက်ပြီး မိမိတို့ဝါသနာပါရာ တက်ရောက်ခွင့်ရှိသည့် တက္ကသိုလ်များတွင် အဆင့်မြင့်ပညာရပ်များကို သင်ယူကြရဦးမည်ဖြစ်ကြောင်း၊ သိပ္ပံဘာသာရပ်ဖြစ်စေ၊ ဝိဇ္ဇာဘာသာရပ်ဖြစ်စေ အားလုံးသည် အဖိုးတန်ပညာရပ်များပင်ဖြစ်သည်ကို သိရှိနားလည်ပြီး မည်သည့်ပညာရပ်မျိုးကိုမဆို တိုင်းပြည်တည်ဆောက်ရေးအတွက် အသုံးဝင်လျက်ရှိသည်ကို အားလုံး သိထားကြရန်လိုကြောင်း၊ ယနေ့ကမ္ဘာကြီးသည် နည်းပညာဆန်းများကြောင့် အချိန်နှင့်အမျှ ပြောင်းလဲနေကြောင်း၊ ထိုသို့ပြောင်းလဲမှု နှင့်အတူ မိမိတို့က လိုက်ပါနိုင်စွမ်းရှိအောင် ကြိုးစားနေကြရန်နှင့် ထိုသို့ပြောင်းလဲမှုနှင့်အတူ ကြိုးစားသည့်အခါတွင် သတင်းမီဒီယာခေတ်နှင့်အညီ မျက်ခြည်မပြတ် လိုက်ပါနေရန်လိုအပ်သကဲ့သို့ ပြောင်းလဲနေသည့် ခေတ်ရေစီးကြောင်းနောက်တွင် မိမိတို့၏ ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှု၊ ဓလေ့စရိုက်အစဉ်အလာကောင်းများ တိမ်မြုပ်မသွားအောင်လည်းဆင်ခြင်ထိန်းသိမ်းကြရမည်ဖြစ်ကြောင်း၊ သတင်းတုသတင်းမှားများသည် လူတစ်ယောက်ချင်းစီမှသည် လူ့အဖွဲ့အစည်းတစ်ခုလုံးကို သိမ်းသွင်း ဖြားယောင်းလျက်ရှိကြောင်း၊ ထိုအပေါ်တွင် မှန်ကန်သည့် သတိ၊ အသိ၊ ပညာတို့နှင့် ဆင်ခြင်သုံးသပ်နိုင်စွမ်းရှိကြရန်လိုကြောင်း။

ထိုသို့ ဆင်ခြင်သုံးသပ်နိုင်ရန်အတွက် မိဘဆရာသမားတို့၏ အဆုံးအမများကို နာခံခြင်းအပြင် စာကောင်းပေမွန်များကို ဖတ်ရှုခြင်းကလည်း အကျိုးရှိသည့်လုပ်ရပ်တစ်ခုပင်ဖြစ်ကြောင်း၊ ကျောင်းစာများအပြင် မိမိတို့အတွက် သုတ၊ ရသ ပြည့်ဝစေမည့် စာပေများကိုဖတ်ရှုရင်း ဘဝတိုးတက်မှုကို ရှာဖွေကြရန်၊ လူ့ဘဝရောက်လာသည့် အခိုက်တွင် ကိုယ့်မိသားစု၊ ကိုယ့်နိုင်ငံ အကျိုးနှင့် လူ့လောကကို သာယာစေမည့် လုပ်ဆောင်ချက်များကို လုပ်ဆောင်ခဲ့မှသာ လူပီသမည်ဖြစ်ကြောင်း၊ မိမိနိုင်ငံတော်အတွက် နိုင်ငံသားကောင်းတစ်ဦး ပီသအောင် နေထိုင်ကျင့်ကြံခြင်းသည်လည်း အဖိုးတန် လူသားကောင်းတစ်ဦးအဖြစ် ဂုဏ်ဝင့်ထည်စေမည်ဖြစ်ကြောင်း၊ လူငယ်များပီပီ လေ့လာစူးစမ်းမှုပြုခြင်းသည် ကောင်းသော်လည်း မကောင်းသည့်အပြုအမူများအပေါ် မစူးစမ်းခြင်းသည်မိမိအတွက်သာမက မိသားစုနှင့် နိုင်ငံတော်အတွက် ထိခိုက်ဆုံးရှုံးမှုများမှကာကွယ်တားဆီးပေးမည်ဖြစ်ကြောင်း၊ စည်းကမ်းရှိမှ တိုးတက်မည်ဖြစ်ခြင်းကြောင့် ယနေ့အချိန်ထိပိုင်ဆိုင်ထားပြီးသား အလေ့အကျင့်ကောင်းနှင့် စည်းကမ်းလိုက်နာမှုများကို ဘဝတစ်လျှောက်လုံး ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံ့သားကောင်းများဖြစ်အောင် ကြိုးစားကြရန်တိုက်တွန်းမှာကြားလိုကြောင်း။

မိမိတို့နိုင်ငံ၏ ကောင်းမွန်သည့်သမိုင်းကြောင်းနှင့် ရိုးရာယဉ်ကျေးမှု၊ ဇာတိသွေး ဇာတိမာန်ထက်သန်မှု၊ နိုင်ငံချစ်စိတ်၊ ဓလေ့ထုံးစံများကို ကျောင်းနေစဉ်အရွယ်မှာကတည်းက သိနားလည်အောင် တာဝန်ရှိဆရာ/ဆရာမများက သင်ကြားပျိုးထောင်ပေးခဲ့ပြီဖြစ်ကြောင်း၊ ဘာသာရပ်တစ်ခုစီတိုင်းတွင် လေးနက်သည့်အဓိပ္ပာယ်များ ဖော်ဆောင်နေလျက်ရှိကြောင်း၊ မိမိတို့သင်ယူခဲ့သည့် ပညာရပ်များအပေါ် ပိုင်းခြားစိတ်ဖြာနားလည်မှုရှိပြီး နောက်ထပ်တွေ့ဆုံရမည့် မျိုးဆက်သစ်များကိုပါ မှန်ကန်သည့် လမ်းညွှန်မှုပြသပေးနိုင်ကြရန်လိုကြောင်း။

ထို့ပြင် ကျောင်းသား၊ ကျောင်းသူများအနေဖြင့်"တပ်မတော်သာအမိ၊ တပ်မတော်သာ အဖ" ဆိုသည့်အတိုင်း တာဝန်ထမ်းဆောင်ဆဲ စစ်မှုထမ်းများ၊ တာဝန်ကျေပွန်စွာထမ်းဆောင်ပြီးနောက် အငြိမ်းစားယူခဲ့ကြသည့် စစ်မှုထမ်းဟောင်းများ၏ သား/သမီးများဖြစ်ကြသကဲ့သို့ ဂုဏ်ပြုဆုချီးမြှင့်ခံရသည့် စစ်သည်များသည်လည်း စစ်မှုထမ်းဆဲ တပ်မတော်သားများဖြစ်ကြသည့်အတွက် တပ်မတော်၏ ထီးအရိပ်အောက်တွင် နေထိုင်ကြီးပြင်းလျက် ပညာများရှာဖွေဆည်းပူးရာမှ ယခုကဲ့သို့ ထူးချွန်ကျောင်းသား/ကျောင်းသူများ၊ စစ်သည်များဖြစ်လာခဲ့ကြခြင်းဖြစ်၍ မိမိတို့၏ ရှေ့ဘဝခရီးလမ်းတစ်လျှောက် တပ်မတော်ကြီး၏ ဂုဏ်ကျေးဇူးများကို မမေ့မလျော့ကြဘဲ ကျရာအခန်းကဏ္ဍများတွင် သစ္စာရှိမှု၊ တာဝန်သိမှု၊ တာဝန်ကျေပွန်မှုများနှင့် ကျေးဇူးတရားတုံ့ပြန်နိုင်ကြရန်လည်း တိုက်တွန်းလိုကြောင်း။

မကြာမီကာလအတွင်း မိမိတို့နိုင်ငံတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး ကျင်းပတော့မည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များကိုလည်း နိုင်ငံတော်ကနေ အချိန်နှင့်တစ်ပြေးညီဖော်ပြပေးနေကြောင်း၊ ပြည်သူများမျှော်လင့်နေကြသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးဆီ ရောက်ရှိရန်အတွက်ရွေးကောက်ပွဲသည်အရေးကြီးသည့် ပထမခြေလှမ်းတစ်ခုဖြစ်ကြောင်း၊ ရွေးကောက်ပွဲကမှသာ ပြည်သူ့ဆန္ဒများကို ထုတ်ဖော်တင်ပြဆွေးနွေးတောင်းဆိုနိုင်မည့် လွှတ်တော်အသီးသီးနှင့် ပြည်သူ့ကိုယ်စားလှယ်များပေါ်ပေါက်လာပြီး အစိုးရအဖွဲ့အစည်းဆိုတာလည်း ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီကျကျ သိက္ခာရှိသော၊ လွတ်လပ်သော၊ တရားမျှတသည့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကျင်းပနိုင်မှလည်း သိက္ခာရှိသည့် လွှတ်တော်၊ သိက္ခာရှိသည့် ပြည်သူအများစုက ရွေးချယ်ခဲ့သည့် ပြည်သူ့ကိုယ်စားလှယ်များနှင့် ဒီမိုကရေစီအစိုးရပေါ်ထွက်လာမည်ဖြစ်ပြီး အဆိုပါအစိုးရကပင် မိမိတို့လိုရာခရီးဖြစ်သည့် ဒီမိုကရေစီပန်းတိုင်ဆီအောင်အောင်မြင်မြင်လျှောက်လှမ်းနိုင်မှာဖြစ်ကြောင်းကို မိမိတို့ပြည်သူများအားလုံး၊ အဖွဲ့အစည်းများအားလုံးက သိရှိနားလည်ကြရန် အရေးကြီးကြောင်း။

ယခုကျင်းပမည့် ရွေးကောက်ပွဲကြီးတွင် ဥပဒေနှင့်အညီ မဲပေးခွင့်မရှိသူများမှအပ ကျန်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး လွတ်လပ်စွာဆန္ဒမဲပေးနိုင်ရန်၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရန်၊ မသမာမှုကင်းရှင်းပြီး သိက္ခာရှိသည့် ရွေးကောက်ပွဲနှင့် သိက္ခာရှိသည့်လွှတ်တော်အမတ်များဖြစ်စေရန် တတ်နိုင်သမျှကြိုတင်စီမံဆောင်ရွက်နေပြီဖြစ်ကြောင်း။

အသက်အပိုင်းအခြားပြည့်မီကြမည့် ကျောင်းသား/ကျောင်းသူများသည်လည်း ရွေးကောက်ပွဲ၏အခြေအနေများ၊ အနှစ်သာရတန်ဖိုးများကို သိရှိနားလည်ပြီး အခြားသော မိဘပြည်သူများနှင့် တန်းတူမဲပေးနိုင်အောင်၊ မိမိတို့ရရှိသည့်အခွင့်အရေးမဆုံးရှုံးရလေအောင်ဆန္ဒမဲပေးကြရန်လိုအပ်ကြောင်း၊ ၎င်းသည် နိုင်ငံသားတစ်ယောက်အတွက်ရရှိသည့် အဖိုးတန်အခွင့်အရေးပင်ဖြစ်ကြောင်း။

အစိုးရနှင့် မိဘပြည်သူများဘက်က ရွေးကောက်ပွဲနှင့်ပတ်သက်၍ အပြုသဘောဆောင်စွာကြိုးပမ်းနေချိန်တွင် ရွေးကောက်ပွဲကို ဖျက်လိုဖျက်ဆီးလုပ်နေသည့် အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များသည်လည်းရှိနေကြောင်း၊ ယင်းတို့သည် မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ကို မလိုလားသည့် နှောင့်ယှက်ဖျက်ဆီးမှုများပင်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲအောင်မြင်ရေးအတွက်ဆောင်ရွက်နေချိန်တွင် အဖျက်အမှောင့်သမားများ၏ လုပ်ရပ်မှန်သမျှကို ပြည်သူအားလုံးပါဝင်ပြီး ဝိုင်းဝန်းထိန်းသိမ်းကာကွယ်ကြရန်လိုကြောင်းကို တိုက်တွန်းပြောကြားလိုကြောင်း။

ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အခက်အခဲများနှင့်ရင်ဆိုင်ရချိန်တွင် မှန်ကန်သည့်အသိဉာဏ်များနှင့် ဖြေရှင်းနိုင်အောင် ပညာဆိုသည့် ဝမ်းစာပြည့်ဝနေရန် လိုအပ်မည်ဖြစ်ကြောင်း၊ မည်သည့်အရွယ်ကိုပင်ရောက်ရောက် ပညာဆိုသည်မှာ ဆည်းပူး၍ မကုန်ဆုံးနိုင်သည့်အတွက် စဉ်ဆက်မပြတ်လေ့လာနေကြရမည်ဖြစ်သကဲ့သို့ "အာရောဂျံ ပရမံ လာဘံ" ဆိုသည့်အတိုင်း မိမိကျန်းမာရေးကို အနေအထိုင်၊ အသွားအလာ၊ အစားအသောက်ကအစ ဂရုစိုက်ကြရန်လည်း လိုအပ်ကြောင်း၊ ရှိထားပြီးသား အလေ့အကျင့်ကောင်းများ၊ စာရိတ္တကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး တစ်နေ့နေ့ တစ်ချိန်ချိန်တွင် တိုင်းပြည်အတွက် စစ်မှန်သည့်လုပ်အားများနှင့် အကျိုးပြုနိုင်သည့် မျိုးဆက်သစ်များဖြစ်အောင် ဆက်လက်ကြိုးစားကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက်စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်က ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် စစ်သည်များ၊ တပ်မတော်သားမိသားစုဝင်သားသမီးများ၊ စစ်မှုထမ်းဟောင်းမိသားစုဝင်သားသမီးများ၊ စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ၏ သားသမီးများနှင့် လူရည်ချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများ၊ နိုင်ငံတော်အဆင့် ဆောင်းပါး၊ စာစီစာကုံး၊ ပန်းချီကာတွန်းတို့တွင် (ပထမ၊ ဒုတိယ၊ တတိယ) ရရှိကြသူများ၊ သင်္ချာစွမ်းရည်ဆု (တတိယ) ရရှိသူ၊ အောင်ချက်အကောင်းဆုံး ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် တပ်မတော်ပညာရေးကျောင်းများ၊ တပ်မတော်အခြေခံပညာကျောင်းများ၏ ဆုရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှက လူရည်ချွန်ဆုရရှိသူ ၃ ဦး၊ နိုင်ငံတော်အဆင့် ဆောင်းပါး၊ စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူ ၁ ဦးနှင့် ၆ ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ ၃ ဦးတို့အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်မတော် အခြေခံပညာအထက်တန်းကျောင်းများတွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ၌ အောင်ချက်အကောင်းဆုံး ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသည့် အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းအုပ်ချုပ်မှုတာဝန်ခံများ၊ လူရည်ချွန်ဆုရရှိသူ ၂ ဦး၊ သင်္ချာစွမ်းရည်ဗဟိုအဆင့်ပြိုင်ပွဲတွင် ဆုရရှိသူ ၁ ဦးနှင့် ၆ ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ ၁ ဦးတို့အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ ဇနီး ဒေါ်သန်းသန်းနွယ်က လူရည်ချွန်ဆုရရှိသူ ၃ ဦး၊ နိုင်ငံတော်အဆင့် ဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူ ၁ ဦးနှင့် ၆ ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ ၃ ဦးတို့အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက်ကော်မရှင်အဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် တပ်မတော်ပညာရေးကျောင်းများတွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ၌ အောင်ချက်အကောင်းဆုံး ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသည့် တပ်မတော်ပညာရေးကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ လူရည်ချွန်ဆုရရှိသူ ၃ ဦးနှင့် ၆ ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ ၁ ဦးတို့အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၏ဇနီးက လူရည်ချွန်ဆုရရှိသူ ၄ ဦးနှင့် ၆ ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ ၃ ဦးတို့အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင်၊ အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့် ဇနီး၊ ကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ်ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ဇနီး၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်ဥက္ကဋ္ဌ၊ စစ်ရေးချုပ်နှင့် စစ်ထောက်ချုပ်တို့က လူရည်ချွန်ဆုနှင့် ထူးချွန်ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများ၊ စစ်သည်များအား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ဆုများပေးအပ်အပြီးတွင် ထူးချွန်ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများနှင့် စစ်သည်များကိုယ်စား ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

**စာမျက်နှာ ၁၃ သို့** ⇨



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များက အခမ်းအနားတက်ရောက်လာကြသူများ၊ ဆုရစစ်သည်များ၊ လူရည်ချွန်ဆုနှင့် ထူးချွန်ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများ၊ မိဘများနှင့် ဆရာ၊ ဆရာမများအား စားသောက်ဖွယ်ရာများဖြင့်တည်ခင်းဧည့်ခံစဉ်။

အမြစ်များဖွံ့ဖြိုးရန် ဆက်လက်ကြိုးစားသွားကြရမည်ဖြစ်ကြောင်း၊ **“ပညာရဲရင့် ပွဲလယ်တင့်”**၊ **“ပညာရှေ့အိုး လူမခိုး”**ဆိုသည့် အဆုံးအမများသည် ပညာ၏တန်ဖိုးများပင်ဖြစ်ပြီး **“ငယ်စဉ်အခါ ပညာရှာ”** ဆိုသည့် စကားသည် နုပျိုငယ်ရွယ်စဉ်တွင် ပညာရှာဖွေရန် တိုက်တွန်းထားခြင်းပင်ဖြစ်ကြောင်း၊ **“စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ”** ဆိုသည့် ဆောင်ပုဒ်အတိုင်း ပညာရှာဖွေသည့်အခါတွင် အခြေခံစိတ်ဓာတ်ကောင်းမွန်မှုနှင့်အတူ စည်းကမ်းလိုက်နာကြရန်လည်း အရေးကြီးကြောင်း၊ နိုင်ငံတော်စဉ်ဆက်မပြတ်တိုးတက်စေရန် အဓိကမဏ္ဍိုင်တစ်ခုဖြစ်သည့် **“အမျိုးသားပညာရေးကဏ္ဍ”** ကို ပညာရေးဝန်ကြီးဌာနက တာဝန်ယူပံ့ပိုးဖော်ပေးနေသကဲ့သို့ မိမိတို့တပ်မတော်အနေဖြင့်လည်း တပ်မတော်ထဲဝင်ရောက်အမှုထမ်းခဲ့ကြသည့် စစ်သည်များထဲမှ ပညာရေးတစ်ပိုင်းတစ်စနှင့် ဝင်ရောက်လာသူများရှိသည့်အတွက်ကြောင့် အဆိုပါစစ်သည်များ၏ ဘဝတိုးတက်မှုနှင့် တပ်မတော်စွမ်းရည်မြင့်မားစေရန် တပ်မတော်ပညာရေးသင်တန်းကျောင်းများတွင်အတန်းလိုက် သင်ကြားပို့ချပေးလျက်ရှိကြောင်း၊ လက်ရုံးရည်၊ နှလုံးရည်နှင့် ပြည့်ဝသည့်စစ်သည်တော်ကောင်းများ ပေါ်ထွက်လာအောင် ပညာရေးကိုအားပေးလျက်ရှိသကဲ့သို့ ယနေ့အချိန်တွင် လူ့စွမ်းအားအရင်းအမြစ်ကောင်းများရရှိရန်အတွက် **“နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့”** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပညာရေးကဏ္ဍကို အလေးထားဆောင်ရွက်ပေးနေကြောင်း။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆိုပါနိုင်ငံသူ၊ နိုင်ငံသားများ ကျန်းမာကြံ့ခိုင်ပြီး ပညာအရည်အသွေးပြည့်ဝသည့် လူငယ်များ၏အား အများကြီးလိုအပ်ကြောင်း၊ **“ပညာ”** ဆိုသည်မှာ အမှားအမှန်၊ အကောင်းအဆိုး၊ အကြောင်းအကျိုးကို သိရှိနားလည်ပြီး **စာမျက်နှာ ၁၄ သို့ ⇨**

**⇨ စာမျက်နှာ ၁၇ မှအဆက်**

ကျောင်းနေစဉ်ကာလတွင်မိမိတို့ကျေပွန်အောင်ထမ်းဆောင်ရမည့်ပညာရေးတာဝန်ကို ထူးချွန်စွာ ကျေပွန်အောင်ကြိုးစားခဲ့သည့်အတွက် လူရည်ချွန်ဆုရရှိသူများအတွက် တစ်ဦးလျှင် ရွှေသုံးမတ်သား၊ တက္ကသိုလ်ဝင်တန်း ဂုဏ်ထူး(၃)ဘာသာနှင့်အထက်ရရှိသူများကို (၁)ဘာသာလျှင် ရွှေတစ်မတ်သား၊ ဂုဏ်ထူး(၁)ဘာသာနှင့်အထက်ရရှိသည့် စစ်သည်များကို (၁)ဘာသာလျှင်ရွှေတစ်မတ်သား၊ နိုင်ငံတော်အဆင့် ဆောင်းပါး၊ စာစီစာကုံး၊ ပန်းချီကာတွန်းဆုရရှိသူများကို ပထမဆု ရွှေသုံးမတ်သား၊ ဒုတိယဆု ရွှေငါးမူးသား၊ တတိယဆု ရွှေတစ်မတ်သားနှုန်းစီနှင့် ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ပေးခြင်းသည် ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုခြင်းဆိုသည့် မင်္ဂလာတရားတော်နှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ ထူးချွန်စွာ အောင်မြင်အောင် သင်ကြားပြသပေးခဲ့ကြသည့် ပညာရေးဝန်ထမ်း ဆရာ၊ ဆရာမများအားလုံးနှင့် တပ်မတော်ပညာရေးတာဝန်ခံတာဝန်ရှိသူများအားလုံးကိုလည်း အသိအမှတ်ပြုဂုဏ်ယူပါကြောင်းနှင့် အောင်ချက်များကောင်းမွန်အောင် စွမ်းဆောင်ခဲ့ကြသည့် သက်ဆိုင်ရာကျောင်းအသီးသီးက တာဝန်ရှိသူများကိုလည်း ယနေ့အခမ်းအနားတွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း။

ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အခြေခံပညာအဆင့်ကို တတ်မြောက်အောင်မြင်ပြီးသည့်နောက် မကြာမီတွင် တက္ကသိုလ်အသီးသီးကို ဆက်လက်တက်ရောက်ကာ အဆင့်မြင့်ပညာရပ်များဆည်းပူးကြရဦးမည်ဖြစ်ကြောင်း၊ ပညာဆည်းပူးခြင်းသည် လူ့စွမ်းအားအရင်းအမြစ်ကို ရှာဖွေနေခြင်းပင်ဖြစ်ကြောင်း၊ ပညာပြည့်ဝမှသာ မိမိတို့ဆန္ဒရှိသည့် ရည်မှန်းချက်ပန်းတိုင်ကိုရောက်ရှိနိုင်မည်ဖြစ်ခြင်းကြောင့် ရှိထားပြီးသား အလေ့အကျင့်ကောင်းနှင့် ခံယူချက်ကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံတော်၏လူ့စွမ်းအားအရင်း



